ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့ (21-4-2014) (၇၈၁၇)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ထူးခြားသည့် နေ့အပူချိန်များ

ဂန့်ဂေါ	၄၄ ဒီဂရီစင်တီဂရိတ်
ကလေးဝ	၄၃ ဒီဂရီစင်တီဂရိတ်
ချောက်	၄၃ ဒီဂရီစင်တီဂရိတ်
ပြည်	၄၃ ဒီဂရီစင်တီဂရိတ်

အမြန်ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်ဘူတာကြီးကို အခြေပြုပြေးဆွဲသည့် အမြန်ရထားများကို ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် သင်္ကြန်အကျနေ့မှ သင်္ကြန်အတက်နေ့(၂၀၁၄ ခုနှစ် ဧပြီ ၁၄ ရက်မှ ၁၆ ရက်)အထိ ရထားပြေးဆွဲမှု ခေတ္တရပ်နားခဲ့ရာမှ ၁၃၇၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)မှစ၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

အဆိုပါ အမြန်ရထားများမှာ ရန်ကုန်-မန္တလေး လမ်းပိုင်းပြေးဆွဲသည့် ရန်ကုန်ဘူတာကြီးမှ ညနေ ၃ နာရီတွင် ထွက်ခွာသည့် အမှတ်(၅) အဆန်အမြန်ရထားနှင့် မန္တလေးဘူတာမှ ညနေ ၃ နာရီ ထွက်ခွာသည့် အမှတ်(၆) အစုန်အမြန်ရထား၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းပြေးဆွဲသည့် ရန်ကုန်ဘူတာမှ ည ၉ နာရီ ထွက်ခွာသည့် အမှတ်(၃၅) အဆန်အမြန်ရထားနှင့် မော်လမြိုင်ဘူတာမှ ည ၈ နာရီ ထွက်ခွာသည့် အမှတ်(၃၆) အစုန်အမြန်ရထား၊ ရန်ကုန်-နေပြည်တော် လမ်းပိုင်းပြေးဆွဲသည့် ရန်ကုန်ဘူတာကြီးမှ ည ၈ နာရီခွဲ ထွက်ခွာသည့် အမှတ်(၇)အဆန်အမြန်ရထားနှင့် နေပြည်တော်ဘူတာမှ ည ၈ နာရီ ထွက်ခွာသည့် အမှတ် (၈) အစုန်အမြန်ရထားနှင့် ရန်ကုန်-ပုဂံ လမ်းပိုင်းပြေးဆွဲသည့် ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီ ထွက်ခွာသည့် အမှတ် (၆၁) အဆန်အမြန်ရထားနှင့် ပုဂံဘူတာမှ ညနေ ၅ နာရီ ထွက်ခွာသည့် အမှတ် (၆၂) အစုန်အမြန်ရထားများဖြစ်ကြပြီး ဧပြီ ၁၇ ရက်မှစ၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း ရန်ကုန်ဘူတာကြီး ပြန်ကြားရေးဌာနမှ သိရသည်။ **(ကိုချစ်)**

ချင်းပြည်နယ်ရှိ ထွမ်ဗွမ်း(ကနေဒီ)တောင်ထိပ်သို့

အောက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ် ၁၉ ခုမှ ခြေလျင်နှင့် တောင်တက်အသင်းဝင်များ စုပေါင်းပြီး တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း (အောက်မြန်မာပြည်)ကို ဖွဲ့စည်းထားသည်။ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း၏ ဥက္ကဋ္ဌများအဖြစ် ၁၉၈၅ ခုနှစ်မှစ၍ ဦးဘသန်းဟက် [ဒုတိယပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ်(ငြိမ်း)]နှင့် ဦးမျိုးသန့် [တွဲဖက်ပါမောက္ခ မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်(ငြိမ်း)]တို့က တာဝန်ယူခဲ့ကြပြီး ယခု ဒေါက်တာလှဒွေး ပါမောက္ခချုပ်(ဒဂုံတက္ကသိုလ်)က တာဝန်ယူကာ တောင်တက်ခရီးဆောင်ရွက်နေသည်။

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းသည် စာသင်နှစ်တစ်နှစ်၏ ပထမနှစ်ဝက်စာမေးပွဲအပြီး ဧပြီလနှင့် ဒုတိယနှစ်ဝက်စာမေးပွဲအပြီး အောက်တိုဘာလတို့တွင် တောင်တက်ခရီးစဉ်များစီစဉ်၍ နှစ်စဉ်တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ်တောင်တက်ခဲ့ကြသည်။

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းမှ တက်ရောက်ခဲ့ပြီးသော တောင်များနှင့် ခြေလျင်ခရီးကြမ်းများမှာ ကချင်ပြည်နယ်ရှိ ဖုန်ကန်ရာဇီရေခဲတောင်(ပေ ၁၁၅၀၀)၊ အီမောဘွန်းရေခဲတောင်(ပေ ၁၃၃၅၀)၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

ယနေ့ မာတိကာ

မြောက်ဖျားဝေစည်
စာမျက်နှာ - ၂

တန်းဆင်းဇုန်မှ ဆန်းဒါးလန်း ချယ်လ်ဆီးအား နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်
စာမျက်နှာ - ၁၃

ပြည်ပဈေးကွက်ဝင် ကင်းပုစွန်လုပ်ငန်းများ

မြန်မာ့ပင်လယ်ပြင်မှ ကင်းပုစွန်များမှာ ပြည်ပဈေးကွက်များတွင် ဈေးကွက်တွင်ကျယ်ခိုင်မာကာ ဈေးကောင်းရရှိနေသည့် ပြည်ပပို့ကုန်ရေထွက်ကုန်ပစ္စည်းတစ်ခုဖြစ်သည်။ သို့သော် ယခုနှစ်လုပ်ငန်းရာသီမှာ ယခင်နှစ်ကထက် ဈေးနှုန်းများကျဆင်းနေခဲ့သည်။ ထိုသို့ဈေးနှုန်းများကျဆင်းနေသော်လည်း မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသပင်ရင်းဈေးကွက်များမှ "ကင်းပိုက်" လုပ်ငန်းများမှာ အဆင်ပြေတွက်ခြေကိုက်နေကြောင်း ဖျာပုံမြို့နယ် အရှေ့စုကျေးရွာမှ ကင်းပိုက်လုပ်ငန်းများကို အခြေစိုက် လုပ်ကိုင်ဆောင်ရွက်နေသည့် ကိုကျော်မင်းလွင်၏ ပြောပြချက်အရ သိရသည်။ ကင်းပုစွန်များမှာ ယခင်က ပင်လယ်ရေလုပ်ငန်းများတွင် တစ်ကောင်စ၊ နှစ်ကောင်စဖမ်းယူရမိနေခဲ့သော်လည်း ဈေးကွက်လည်းမရှိ၊ စားသုံးမှုလည်းမရှိ၊ ကြက်စာ၊ ငါးပိစသည့် အခြားသော ရေထွက်ကုန်ပစ္စည်းများတွင်လည်း ထည့်သွင်းအသုံးပြု၍ မရသဖြင့် စွန့်ပစ်လေလွင့်ပစ္စည်းအဖြစ် ပြန်လည်စွန့်ပစ်ခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းတော်တော်များများမှာ ပြည်ပဈေးကွက်ဝင်ကုန်ပစ္စည်းအဖြစ် ဈေးကွက်ဝင်လာခဲ့ရာ ကင်းပုစွန်များမှာလည်း စွန့်ပစ်လေလွင့်ဘဝမှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

Spectrol

Industrial & Motor Oil

Made In USA

American Petroleum Institute https://engineoil.api.org/directory/ eoles search.com Website Search Box Brand Name Spectrol Search Search Results Box Company Name Delfin group

Dealer (or) Distributor

Patriot Power Services Co.,Ltd.

E-mail : patriotpower18@gmail.com

ကြေးမုံစာတည်းရှုထောင့် **၂၁-၄-၂၀၁၄၊ တနင်္လာနေ့**

မြောက်ဖျားဝေစည်

မြန်မာနိုင်ငံမြောက်ဘက်အစွန်ဆုံးက ထင်ရှားသည့် ပူတာအိုမြို့သည် ဝေးလံခေါင်သီလှသည်။ ပြည်နယ်မြို့တော်မှ မိုင်ပေါင်းများစွာ ဝေးကွာပြီး ခက်ခဲစွာ သွားလာရသည်။ ထို့ကြောင့်ပူတာအိုသည် အခြားခရိုင်မြို့များထက် ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်ဟု ဆိုနိုင်ပေသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိရာ၌ တောင်ပေါ်မြေပြန့် အစွန်အဖျားဒေသများပါမကျန် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းအကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။ အစွန်အဖျားဒေသများ ဖွံ့ဖြိုးဝေစည်ရန်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည် အဓိကကျသကဲ့သို့ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုသည်လည်း အရေးကြီးသော အချက်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်နေသည်ကိုတွေ့မြင်ရမည်ဖြစ်ပါသည်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ အဓိကကျသော လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးကို အလေးထားဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ မျှော်လင့်ချက်ဖြစ်သည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

မည်သို့သောအခြေအနေများရှိနေစေကာမူ ပူတာအိုခရိုင်အတွင်းရှိ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သူတို့က အလေးထားဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရ၍ ဒေသခံပြည်သူများကိုယ်စား ဝမ်းမြောက်မိပါသည်။ မြောက်ဖျားအစွန် ပူတာအိုဒေသ ဖွံ့ဖြိုးဝေစည်ရန်အတွက် ပြည်နယ်မြို့တော်နှင့် တစ်ဆက်တည်းဖြစ်သည့် ဆွမ်ပရာဘွမ်၊ မချမ်းဘောနှင့် နောင်မွန်တို့လည်း ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးဝေစည်ရန် ဆောင်ရွက်လျက်ရှိသည်။

မကြာသေးမီက ပြည်နယ်အဆင့်တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများသည် ဆွမ်ပရာဘွမ်မြို့သို့သွားရောက်ပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးနှင့်ကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး စသည့်ကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြပြီး ကယ်ဆယ်ရေးစခန်းမှ မိသားစုများအား နေရပ်ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ငွေ၊ စားနပ်ရိက္ခာများ၊ အိမ်ဆောက်ပစ္စည်းများနှင့် လူ့အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်ကိုတွေ့ရသည်။

တစ်ဆက်တည်းပင် ပူတာအို၊ နောင်မွန်၊ ပန်းနန်းဒင်ဒေသများသို့ သွားရောက်ပြီး ဒေသခံပြည်သူများအတွက် အလားတူလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ထိုဒေသများရှိ အထက်တန်းကျောင်းများ၊ ချောင်းကူးတံတားများ၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေလွှဲဆည်တည်ဆောက်ရေး၊ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ရေး စသည်တို့အပြင် နောင်မွန်တွင် လေယာဉ်များဆင်းသက်နိုင်အောင် လေယာဉ်ကွင်းဟောင်းကို ပြုပြင်ပေးရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြန်သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများမှာ ဒေသခံပြည်သူများ အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ရန်နှင့် မြန်မာပြည်မြောက်ဖျား ဖွံ့ဖြိုး တိုးတက်လာရန်အတွက်ဖြစ်သည်။ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန်မှာ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးသည် ပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရန်အတွက်ဖြစ်သည်ကို သတိမူရမည် ဖြစ်သည်။ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ ညီညီညွတ်ညွတ်စည်းစည်းလုံးလုံး ပွင့်ပွင့်လင်းလင်းဖြင့် ပြည်နယ်အကျိုးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်နယ်ကြီးတည်ငြိမ်အေးချမ်းနေပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နေချင့်စဖွယ်အကောင်းဆုံး၊ သာယာလှပသော နယ်မြေဒေသများ ဖြစ်လာပေလိမ့်မည်။ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး မြန်မာပြည်မြောက်ဖျားလည်း တိုးတက်ဖွံ့ဖြိုး စည်ပင်ဝပြောလာမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာပြည်မြောက်ဖျား ဖွံ့ဖြိုးဝေစည်ရေးအတွက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို ဦးစွာတည်ဆောက်ကြရမည်ဖြစ်ရာ လက်တွဲညီညီဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းတရားပွဲ ကျင်းပ

ဆင်ပေါင်ဝဲ ဧပြီ ၂၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့ အမှတ်(၃)ရပ်ကွက် ဘုရားငါးဆူအာရုံခံတန်ဆောင်းအတွင်း၌ ဧပြီ ၁၉ ရက် ည ၈ နာရီက ရွှေရောင်မျိုးဆက်သစ်ပရဟိတလူငယ်များမှ ဦးဆောင်ကျင်းပသော ဓမ္မစကူးလ်ဖောင်ဒေးရှင်းတရားပွဲကျင်းပခဲ့ရာ ရွှေရောင်မျိုးဆက်သစ်ပရဟိတလူငယ်များ၊ မူလတန်းအဆင့်ကျောင်းသားကျောင်းသူများနှင့် မိဘများ စုစုပေါင်း ၂၀၀ ခန့်လာရောက်တရားနာယူကြပြီး ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ဆရာတော်အရှင်ကေလာသ BA (Indo Aryan)က အငိုမျက်လုံး အပြုံးမျက်နှာ တရားခေါင်းစဉ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားများဟောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ။

ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်းကျေးရွာ အမရဝတီပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေါက်တာရေဝတအား အိန္ဒိယနိုင်ငံ နယူးဒေလီတက္ကသိုလ်မှ ချီးမြှင့်သော Ph.D ဒေါက်တာဘွဲ့ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင်အဆိုပါကျောင်းတိုက်ရန်ကင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘဒ္ဒန္တဒေါက်တာရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဂုဏပူဇာဂါထာဖြင့် ဂုဏ်ပြုပူဇော်စကားလျှောက်ထားပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာမများက ဆရာတော်၏ထေရုပ္ပတ္တိအား ရှစ်လုံးဘွဲ့ဂုဏပူဇာကဗျာများဖြင့် ပူဇော်သီဆိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အလှူရှင်များက ငွေကျပ်နှစ်သိန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီးဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေရှည်တည်တံ့ခိုင်မြဲသောလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေး

နေပြည်တော် မေ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်နွေစပါးဧက ၄၄၀ စိုက်ကွင်းရှင်းလင်းဆောင်၌ ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတာဝန်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ တစ်နိုင်ငံလုံးပျံ့နှံ့အောင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

နေပြည်တော်ကောင်စီနယ်မြေနှင့် တစ်ပြိုင်တည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးစီးခေါင်းဆောင်မှုဖြင့် ဟန်ချက်ညီစွာ အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တောင်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ အင်တိုက် အားတိုက်ဖြင့် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေမှုများသည် ထင်သာမြင်သာသော အောင်မြင်မှုမှတ်တိုင်များအဖြစ် မှတ်တမ်းတင်ထားရှိပြီး ဖြစ်ကြောင်း။

တောင်သူများ ဝင်ငွေနှင့်လူနေမှုဘဝ တိုးတက်ရေးဖော်ဆောင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစိုးရပိုင်းသာမက ပုဂ္ဂလိကအခန်းကဏ္ဍ၊ တောင်သူလယ်သမားများ၏ အခန်းကဏ္ဍတို့ဖြင့် ဟန်ချက်ညီစွာ အရှိန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စက်အင်အားစုဖွဲ့မှု အခြေအနေများ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဆည်ရေသောက်စနစ်ဆောင်ရွက်ထားရှိမှုများ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးရေး နည်းစနစ်များဖြင့် ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အဆင့်မြင့်စံပြစက်မှုလယ်ယာဖော်ဆောင်ရေး စီမံကိန်းတွင် ပါဝင်သည့် ဂုံမင်းအင်းကျေးရွာ၊ တဲကြီးကုန်းကျေးရွာ၊ ရှားတောကျေးရွာနှင့် အလျှင်လိုကျေးရွာတို့မှ တောင်သူလယ်သမားများက ပူးပေါင်းပါဝင်လုပ်ဆောင်နေမှုများကို ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး ပုလဲသွယ်နွေစပါးစိုက်ခင်း၏ သက်တမ်း ၆၂ ရက်သားတွင် စပါးပင်များမှ အလံ့ရွက်များ ထွက်ရှိမှုများကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ တစ်နေ့တန် ၂၀၀ ကျ ဆန်စက်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဆန်စက်ပင်မသိုလှောင်ရုံ အဆောက်အအုံ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းရွာသို့ ရောက်ရှိကြပြီး နှစ်စဉ် မိုးရာသီကာလ ရေဘေးအန္တရာယ်ခံစားနေရသည့် ရွှေခဲအင်း၊ ကျောက်ခဲအင်း၊ ကျွဲတဲကျေးရွာများအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် မူလရေအောင်းချောင်းရိုးအား စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေသောလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဝင်းတို့က ဒက္ခိဏသီရိမြို့နယ်တွင် နှစ်စဉ် မိုးတွင်းကာလတွင် ရေအောင်းချောင်းရေကြီး၍ မိုးစပါးသီးနှံပျက်စီးမှု ကာကွယ်နိုင်ရေးအတွက် အလျား နှစ်မိုင်၊ အကျယ် ၂၅ ပေ၊ အနက် ရှစ်ပေရှိ ချောင်းရိုးအား ယခုပွင့်လင်းရာသီတွင် ပြီးစီးရေးဆောင်ရွက်နေမှုနှင့် ချောင်းဟောင်းတူးဖော်ရာမှ ထွက်ရှိသော မြေသားများကို ကျေးရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြင့်ဖောက်လုပ်ရာတွင် အသုံးပြုဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာများနှင့် စက်မောင်းဝန်ထမ်းများအား ဝတ်စုံများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျေးရွာသုံးရွာအတွက် စကိုင်းနက်ရုပ်သံလွှင့်စက် သုံးစုံနှင့် ကျေးရွာများ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းအတွက် နှစ်စုံ စုစုပေါင်း ငါးစုံအား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ပြည်သူများ မြန်မာ့အလင်းနှင့်ကြေးမုံ တစ်နှစ်ပတ်လည်ဖတ်ရှုနိုင်ရန် အလှူငွေပေးအပ်

မန္တလေး မေ ၂၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စုအတွင်းရှိ ကျည်တောက်ပေါက်၊ ကံတောင်၊ ကျောက်ချောင်း၊ ပိတောက်ချပ်၊ ငါးပြားပေးနှင့် လက်ပန်လှကျေးရွာအုပ်စုမှ ဒေသခံများ နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို တစ်နှစ်ပတ်လည် ဖတ်ရှုနိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွား သတင်းစာတိုက်(မန္တလေး)ရုံးခန်း၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ အလှူရှင် မုဒိတာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် နစ်နာသူများအား အခမဲ့ကူညီရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ထက်ရည်လင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာ ဗိုလ်ကြီးဒွေးကို(ငြိမ်း)က ဒေသခံများ အသိပညာ ဗဟုသုတ တိုးပွားစေရန်အလို့ငှာ နေ့စဉ်ထုတ် သတင်းစာများ ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၂၄ သိန်းအား ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကံတောင်ကျေးရွာ တာဝန်ခံ ဦးစိုးနိုင်နှင့် ကျည်တောက်ပေါက်ကျေးရွာ စာကြည့်တိုက်မှူး ဒေါ်ခိုင်ဇင်ဝင်းတို့က လက်ခံ၍ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် ငါးပြားပေးကျေးရွာ လူငယ်တာဝန်ခံ ဦးလှမြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နုက ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားသည်။

အဆိုပါ လှူဒါန်းရရှိငွေကျပ် ၂၄ သိန်းဖြင့် စဉ့်ကူးမြို့နယ်အတွင်းရှိ လက်ပန်လှကျေးရွာသို့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ ၁၅ စောင်စီ၊ ကျည်တောက်ပေါက်၊ ကံတောင်၊ ကျောက်ချောင်း၊ ပိတောက်ချပ်၊ ငါးပြားပေးကျေးရွာတို့သို့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ ၁၀ စောင်စီ စုစုပေါင်း မြန်မာ့အလင်း ၆၅ စောင်နှင့် ကြေးမုံ ၆၅ စောင်တို့ကို မေ ၁ ရက်မှစ၍ နေ့စဉ်တစ်နှစ်တိတိပေးလှူသွားမည်ဖြစ်ပြီး လှူဒါန်းရရှိသော နေ့စဉ်ထုတ်သတင်းစာများကို ကျေးရွာစာကြည့်တိုက်များ၊ အခြေခံပညာကျောင်းများ၊ ဆရာဆရာမများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ ဆက်လက်၍လည်း ပျော်ဘွယ်၊ ကောလင်း၊ ဝန်းသိုမြို့နယ်များရှိ ကျေးရွာများသို့လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင် (မန္တလေး)

❒ပြင်သစ်လိဂ်ဖလားမှ

ပီအက်စ်ဂျီအသင်းသည် လက်ရှိတွင် ပြင်သစ်လိဂ်ဖလားကို ရယူဆွတ်ခူးထားနိုင်ခဲ့သည့်အပြင် ပြင်သစ်ပထမတန်းဖလားပြိုင်ပွဲတွင်လည်း အမှတ်ပေးဇယား၏ ဒုတိယနေရာမှ မိုနာကိုအသင်းကို ၁၀ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ပြီး ပြည်တွင်းဖလားနှစ်လုံးစလုံး ရယူနိုင်မည့်အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်ထားသည်။ သို့ရာတွင် ချန်ပီယံလိဂ်ဖလားပြိုင်ပွဲတွင်မူ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ကာပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ပီအက်စ်ဂျီအသင်း၏ ယခုပြင်သစ်လိဂ်ဖလားသည် နည်းပြအန်ဆယ်လော့တီနေရာတွင် နည်းပြလော်ရင့်ဘလန့်အား အစားထိုးခန့်အပ်ခဲ့ပြီးနောက် ပထမဆုံးရရှိခဲ့သည့် ဖလားဖြစ်ပြီး ပြင်သစ်လိဂ်ဖလားရရှိမှုတွင် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက နာပိုလီအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းဖြင့် ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူးကာဗာနီ၏ စွမ်းဆောင်ရည်ကောင်းမွန်မှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ခဲ့ခြင်းကြောင့်လည်းဖြစ်သည်။

ထို့ကြောင့် ကာဗာနီအား မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ ထို့ပြင် မန်ယူအသင်းအားပိုင်ဆိုင်သော ဂလေဇာကုမ္ပဏီက အပြောင်းအရွှေ့ဈေးကွက်တွင် ပေါင်သန်း ၂၂၀ အထိ အသုံးပြုမည်ဟုဆိုထားခြင်းကြောင့် မန်ယူအသင်းအနေဖြင့် ကာဗာနီအား ရရှိပါက အသင်း၏အားထားရသော တိုက်စစ်မှူးဗန်ပါစီကိုပင် ရောင်းထုတ်မည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်ခဲ့သည်။ သို့ရာတွင် ပီအက်စ်ဂျီအသင်းအနေဖြင့် ကာဗာနီအားဆက်ထိန်းထားရန်ရှိနေပြီး လက်ရှိရာသီတွင် ပြည်တွင်းဖလားနှစ်လုံးစလုံးရယူရန် ပြင်ဆင်ထားသည့်အပြင် လာမည့်ရာသီတွင်လည်း ကာဗာနီ၊ အီဘရာဟီမိုဗစ်ချ်၊ လာဗက်ဇီတို့၏ တိုက်စစ်တွဲလုံးများနှင့်အတူ အောင်မြင်မှုရယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။ **(နိုင်လင်းကြည်)**

ယိုနာဂူနီကျွန်းပေါ်တွင် ရေဒါစခန်း ဂျပန်တည်ဆောက်

ယိုနာဂူနီ(ဂျပန်) ဧပြီ ၂၀

ဂျပန်နိုင်ငံသည် နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း ပထမဆုံးအဖြစ် ၎င်း၏ အနောက်ပိုင်းကျွန်းစုများ အဆုံး၌ စစ်ရေးတိုးချဲ့မှုကို စနေနေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။

တရုတ်(တိုင်ပေ)နှင့် မနီးမဝေးရှိ အပူပိုင်းဒေသကျွန်းတစ်ကျွန်းပေါ်တွင် ရေဒါစခန်း တည်ဆောက်ရေးအတွက်မြေပြုပြင်ခြင်းလုပ်ငန်းကိုဂျပန်တို့ကစတင်လုပ်ဆောင်ခဲ့ပြီဖြစ်သည်။

ယင်းသို့လုပ်ဆောင်ချက်သည် ၎င်းနှင့် ကျွန်းများပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည့် တရုတ်နိုင်ငံကို ဒေါသဖြစ်စေခဲ့သည်။

ယိုနာဂူနီကျွန်းပေါ်တွင် တည်ဆောက်ရေး လုပ်ငန်းများစတင်သည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာခဲ့သော ဂျပန်ကာကွယ်ရေးဝန်ကြီး အစ်ဆူနိုရီအိုနိုဒီရာက နိုင်ငံ၏ ကျွန်းမကြီး အနောက်တောင်ဘက်ပင်လယ်ပြင်အတွင်းရှိ အခြားသောကျွန်းများပေါ်တွင်ရှိသည့် စစ်အင်အားကို တိုးချဲ့နိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ကာလကြာမြင့်စွာကပင် ရေးဆွဲထားသည့် ကာကွယ်ရေးနှင့်စောင့်ကြည့်လေ့လာရေးတိုးတက်ရန် စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယိုနာဂူနီကျွန်းပေါ်၌ တည်ဆောက်မည့် စစ်ဘက်ဆိုင်ရာရေဒါစခန်း၏ အကျိုးရလဒ်အဖြစ်ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံကပိုင်ဆိုင်ကြောင်းကြေညာထားပြီး ၎င်း၏ထိန်းချုပ်မှုအောက်ရှိ ကျွန်းများမှနေ၍ ၉၃ မိုင်အကွာအဝေးအထိ သတိထား စောင့်ကြည့်နိုင်မည်ဖြစ်သည်။

တရုတ်ဘာသာဖြင့်ဒိုင်အိုယု၊ ဂျပန်ဘာသာဖြင့် ရှင်ကာကူဟုခေါ်သော ကျောက်ဆောင်များ ထူထပ်သည့် ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကျွန်းများပေါ်တွင် တရုတ်လေယာဉ်များ ပျံသန်းခြင်း၊ တရုတ်သင်္ဘောများ၏ လမ်းကြောင်းများနှင့် တရုတ်ပြည်မကြီးကို ဂျပန်ကစောင့်ကြည့်ရာတွင် အဆိုပါစခန်းက ပိုမိုတိုးချဲ့ကြည့်နိုင်စေမည်ဖြစ်သည်။

ယိုနာဂူနီကျွန်းသည် ဧရိယာ စတုရန်း ၁၁ မိုင်ကျယ်ဝန်းပြီး လူဦးရေ ၁၅၀၀ နေထိုင်သည်။ ဆန်အရက်ပြင်း၊ ကျွဲနွား၊ ကြံနှင့် ရေငုပ်ခြင်း လုပ်ငန်းတို့ကြောင့် ထင်ပေါ် ကျော်ကြားသည်။

ရိုက်တာ။

တောင်ကိုရီးယားကူးတို့သင်္ဘောနစ်မြုပ်မှု သေဆုံးသူ ၅၆ ဦး တွေ့ရှိပြီ

ဂျင်ဒို(တောင်ကိုရီးယား) ဧပြီ ၂၀

နစ်မြုပ်သွားခဲ့သော တောင်ကိုရီးယားကူးတို့သင်္ဘောမှ သေဆုံးသူ အရေအတွက်မှာ တနင်္ဂနွေနေ့တွင် ပိုမိုတွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ရာပေါင်းများစွာသော သင်္ဘောများသည် ရေပြင်တစ်ခွင် နေရာအနှံ့ ပိုက်စိပ်တိုက် ရှာဖွေလျက်ရှိပြီး ရေငုပ်သမားတို့က နစ်မြုပ်လျက်ရှိသည့် သင်္ဘောကိုယ်ထည် အတွင်း ဝင်ရောက်ရှာဖွေလျက်ရှိကြသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့်တွင် သင်္ဘောနစ်မြုပ်ရာ အနီးရေပြင်မှ အလောင်းနှစ်လောင်းကို ဆယ်ယူရရှိသဖြင့် သေဆုံးသူ ၅၂ ဦး ရှိလာပြီဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးသော အစိုးရ အရေးပေါ်စီမံခန့်ခွဲရေးရုံးချုပ်က ပြောကြားသည်။

သင်္ဘော ကိုယ်ထည်အတွင်းနှင့် ရေပြင်မှ အလောင်းလေးလောင်းထပ်မံတွေ့ရှိကြောင်း တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ မီဒီယာများ က ဖော်ပြသည်။

ယခုအချိန်အထိ သေဆုံးသူဦးရေ ၅၆ ဦးနီးပါးဖြစ်ကြောင်း အတည်ပြုပြီး ၂၄၆ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ကယ်ဆယ်ရရှိသော ခရီးသည်အရေအတွက်မှာ အပြောင်းအလဲမရှိ ၁၇၄ ဦး ဖြစ်သည်။

ကမ်းခြေစောင့်တပ်ဖွဲ့၊ ရေတပ်နှင့် အရပ်ဘက်ရေငုပ်သမားများသည် ၎င်းတို့၏ သီးခြားလမ်းညွှန်မှုများဖြင့် သင်္ဘောကိုယ်ထည်အတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ကြကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ယမန်နေ့ညသို့ ရေငုပ်သမား ၅၆၀ ကျော်သည် သင်္ဘောကိုယ်ထည်အတွင်းသို့ ၁၅ကြိမ်တိုင်တိုင် ဝင်ရောက်ရှာဖွေခဲ့ကြပြီး ကယ်ဆယ်ရေးသင်္ဘော ၁၉၂ စင်းနှင့် လေယာဉ် ၃၁ စင်းတို့သည်လည်း စုပေါင်းရှာဖွေခဲ့ကြသည်။

ဆင်ဟွာ။

နိုဘယ်ဆုရ စာရေးဆရာကြီး ဂါဘရီယယ်ဂါစီယာမားကွက်စ် ကွယ်လွန်

မက္ကဆီကိုစီးတီး ဧပြီ ၂၀

ကိုလံဘီယာနိုင်ငံသား စာပေဆိုင်ရာနိုဘယ်ဆုရှင် စာရေးဆရာကြီး ဂါဘရီယယ်ဂါစီယာမားကွက်စ်သည် ဧပြီ ၁၈ ရက်တွင် မက္ကဆီကိုနိုင်ငံ၌ ကွယ်လွန်သွားခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက်(၈၇ နှစ်)ရှိပြီဖြစ်သည်။ ၎င်းကွယ်လွန်ချိန်တွင် နိုင်ငံ့ခေါင်းဆောင်သမ္မတများနှင့် ထင်ပေါ်ကျော်ကြားသော စာရေးဆရာများက ဂါရဝပြုခဲ့ကြသည်။

နှစ်ပေါင်းတစ်ရာ

စာရေးဆရာကြီး ဂါဘရီယယ်ဂါစီယာမားကွက်စ်သည် စပိန်ဘာသာဖြင့် စာပေရေးသားပြုစုသူများထဲတွင် အကြီးမြတ်ဆုံးစာရေးဆရာဖြစ် ယုံကြည်ကြပြီး ၎င်း၏ လူသိထင်ရှား အကျော်ကြားဆုံး ဂန္ထဝင်မြောက်လက်ရာမှာ ပဉ္စလက်သရုပ်မှန်ဝါဒကို ဖော်ကျူးသည့် အထီးကျန်ဘဝမှာ နှစ်ပေါင်းတစ်ရာအမည်ရှိ စာအုပ်ဖြစ်သည်။

ချီးကျူးဂုဏ်ပြု

ကိုလံဘီယာနိုင်ငံသမ္မတ အန်မန်နျူယယ်ဆန်းတို့စ်နှင့် အမေရိကန်နိုင်ငံသမ္မတ ဘာရက်အိုဘားမားတို့သည် ယင်းစာရေးဆရာကြီး၏ စာပေလက်ရာအမွေအနှစ်များအား ချီးကျူးဂုဏ်ပြုသူများထဲတွင် ပါဝင်သည်။

ကမ္ဘာကြီးသည် အတွေးအမြင်အကျယ်ဝန်းဆုံးသော စာရေးဆရာကြီးတစ်ဦးအား ဆုံးရှုံးခဲ့ရကြောင်း အမေရိကန်သမ္မတ အိုဘားမားက ပြောကြားခဲ့သည်။

ဘီဘီစီ။

ရှန်ဟိုင်းရဲတပ်ဖွဲ့ လက်နက်ကိုင်၍ ကင်းလှည့်မည်

ရှန်ဟိုင်း ဧပြီ ၂၀

တရုတ်နိုင်ငံသည် အကြမ်းဖက် ရာဇဝတ်မှုများ ထူပြောလာ၍ ပြည်သူလူထု လုံခြုံရေးကို တင်းကျပ်စွာ ကိုင်တွယ်သည့်အနေဖြင့် ရှန်ဟိုင်းမြို့မှ ရဲတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်သည် တနင်္ဂနွေနေ့တွင် ကင်းလှည့်ရာတွင် ခြောက်လုံးပြူးသေနတ်များကို စတင်ကိုင်တွယ်ကြပြီဖြစ်သည်။

ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနက လက်နက်များ၌ အရင်းအနှီး စိုက်ထည့်ရာတွင် ၎င်း၏ ရဲတပ်ဖွဲ့များအတွက် အထူးပုံစံဆွဲထားသော လက်နက်များလည်း ပါဝင်သည်။ ရဲအရာရှိများသည် ဥပဒေနှင့် စိတ်ပညာစာမေးပွဲများ ဖြေဆို၍ သင်တန်းများ အဆင့်ဆင့်တက်ရောက်ကာ အရည်အချင်းပြည့်မီမှသာလျှင် အဆိုပါ လက်နက်များကို ကိုင်တွယ်နိုင်ကြောင်း စည်ပင်သာယာပြည်သူ့လုံခြုံရေးဗျူရိုက ပြောကြားသည်။

မြို့တွင်း သယ်ယူပို့ဆောင်ရေး အချက်အချာကျသည့် လူစည်ကားရာနေရာများကဲ့သို့သော လူဦးရေထူထပ်သည့် နေရာများ၌သာ ရဲတပ်ဖွဲ့က ကင်းလှည့်မည်ဖြစ်သည်။

လက်နက်များ ကိုင်တွယ်ခြင်းကို တင်းကျပ်စွာ ထိန်းချုပ်သည့် တရုတ်နိုင်ငံတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသဖြင့် တရုတ်ရဲတပ်ဖွဲ့ဝင်များသည် အများအားဖြင့် လက်နက်ကိုင်ဆောင်ခြင်း မပြုပေ။

နည်းလမ်းရှာမည်

ကူမင်းနှင့် ချမ်းရှာမြို့များ၌ ဓားဖြင့်တိုက်ခိုက်ခြင်းတို့ကြောင့် လူသေဆုံးမှုများ ဖြစ်ပွားပြီးနောက် ၎င်းဝန်ကြီးဌာနက ကင်းလှည့်ရာတွင် လက်နက်ကိုင်ဆောင်မည် ဖြစ်ကြောင်းနှင့် အကြမ်းဖက်ရာဇဝတ်မှုများကို ကိုင်တွယ်ရန် နည်းလမ်းများကို အချိန်မီရှာကြံမည်ဖြစ်ကြောင်း မတ်လအတွင်း၌ ပြောကြားခဲ့သည်။

ပြည်သူ့လုံခြုံရေး အဖွဲ့အစည်းအဆင့်ဆင့်တို့ကို တာဝန်ထမ်းဆောင်ရာ၌ ပိုမိုကြိုးစားကြရန် တိုက်တွန်းခဲ့သည်။

ဆင်ဟွာ။

ပြန်ပေးဆွဲခံရသူများအား ပြန်လည်လွှတ်ပေးရေး ဖိလစ်ပိုင်အစိုးရ ညှိနှိုင်းဆွေးနွေးရေးမှူး တောင်းဆို

မနီလာ ဧပြီ ၂၀

မော်ရိုအစ္စလာမ္မစ်လွတ်မြောက်ရေးတပ်ဦး (အမ်အိုင်အယ်လ်အက်ဖ်) အဖွဲ့မှ ပြန်ပေးဆွဲဓားစာခံများအဖြစ် ဖမ်းဆီးထားသူများအား ပြန်လည်စေလွှတ်ပေးရန် ဖိလစ်ပိုင်အစိုးရ၏ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင်က တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်အစိုးရမှ ခန့်အပ်ထားသည့် စေ့စပ်ညှိနှိုင်းရေးမှူးဖြစ်သူ မီယီယမ်ကိုရိုနယ်ဖာရာဟာက ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ယခုနှစ်တစ်နှစ်တည်း၌ လူ ၂၃ ဦးပြန်ပေးဆွဲခံရကြောင်း၊ ယင်းမှာ ဘာစီလန်ဒေသတွင် ရရှိသော မှတ်တမ်းဖြစ်ပြီး ဆူလူ၊ ဂမ်ဘိုဂနာနှင့် လန်နာပိုပြည်နယ်များတွင် ဖြစ်ပွားသည့် ပြန်ပေးဆွဲမှုများကို ထည့်သွင်းပါက ပြန်ပေးဆွဲခံရသူဦးရေမှာ ၃၀ နီးပါးဖြစ်ကြောင်း ပြောကြားသည်။

မော်ရိုအစ္စလာမ္မစ်လွတ်မြောက်ရေးအဖွဲ့ (အမ်အိုင်အယ်လ်အက်ဖ်) သည် ဖိလစ်ပိုင်အစိုးရအား ဆန့်ကျင်နေသည့်အကြီးမားဆုံးသူပုန်တပ်ဖွဲ့ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသကျွန်းစုများ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မွတ်စလင်ပြည်နယ်တည်ထောင်ခွင့်ရရေးအတွက် ဖိလစ်ပိုင်အစိုးရအား ဆယ်စုနှစ်အတန်ကြာမျှ လက်နက်ကိုင် တိုက်ခိုက်နေသည့် အဖွဲ့ဖြစ်သည်။

ငြိမ်းချမ်းရေးလက်မှတ်ထိုး

ယခုနှစ် မတ်လ ၂၇ ရက်တွင် ဖိလစ်ပိုင်အစိုးရနှင့် ယင်းသူပုန်အဖွဲ့ကြား သမိုင်းတွင်လောက်သည့် ငြိမ်းချမ်းရေး စာချုပ်တစ်ရပ်အား လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နှစ်၄၀ကြာ ပုန်ကန်ထကြွမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ယင်းစာချုပ်အရ ဒေသတွင်းရှိ ထောင်ပေါင်းများစွာသော ပြည်သူများ၏ နေထိုင်ရပ်တည်မှုနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို အကျိုးသက်ရောက် စေမည်ဟုဆိုသည်။

ဘီဘီစီ။

ပိုလန်တွင် တပ်ဖွဲ့များဖြန့်ကြက်ရန်ချိန်ရွယ်နေသည့် ပင်တဂွန်နှင့် ယူကရိန်းပြဿနာ

ယူကရိန်းနိုင်ငံအရေးနှင့် ပတ်သက်ပြီး ဂျီနီဗာမြို့တွင် သံတမန်နည်းလမ်းနှင့်အညီ အဖြေရှာရန် ကြိုးစားနေသည့်တိုင် ရုရှားလိုလားသည့် စစ်သွေးကြွများက ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိမြို့များမှ အစိုးရအဆောက်အအုံများကို စီးနင်းထားကြဆဲဖြစ်ပြီး ဥရောပအရှေ့ပိုင်း ယူကရိန်းနိုင်ငံမှာ ပြဿနာများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် အမေရိကန်နိုင်ငံ ပင်တဂွန်စစ်ဌာနချုပ်က ပိုလန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များနှင့် နေတိုးတပ်ဖွဲ့များကို တပ်ဖြန့်ချထားရန် ချိန်ဆနေသည်။ အမေရိကန်နိုင်ငံက တပ်ဖွဲ့ဝင်အင်အား ၁၃၀ ခန့်ရှိ အသေးစားတပ်ဖွဲ့တစ်ဖွဲ့ကို ပိုလန်နိုင်ငံသို့ပို့ဆောင်ပြီး အခြေခံကျသည့် လှည့်လည် စစ်ဆေးခြင်းများပြုလုပ်သွားဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေတိုးတပ်ဖွဲ့ကလည်း ဥရောပအရှေ့ပိုင်းဒေသများတွင် လေကြောင်း၊ ရေကြောင်းနှင့် မြေပြင်တပ်ဖွဲ့များ တိုးချဲ့ချထားသွားမည်ဖြစ်ကြောင်း နေတိုးတပ်ဖွဲ့ အတွင်းရေးမှူးချုပ် အန်ဒါဖော့ရက်မြူဆန်က ပြောကြားခဲ့သော်လည်း တပ်ဖွဲ့ဝင်အရေအတွက် မည်မျှချထားမည်ကို ပြောကြားခြင်းမရှိပေ။ ယခုကဲ့သို့ နေတိုးတပ်ဖွဲ့များ တိုးမြှင့်ချထားခြင်းမှာ ယူကရိန်းနိုင်ငံတွင် ရုရှားနိုင်ငံ၏ ရန်လိုသည့်အပြုအမူများရှိလာသည့် အခြေအနေများကို တားဆီးဟန့်တားပြီး တင်းမာမှုများ မြင့်တက်မလာအောင် ကြိုတင်ကာကွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။ နေတိုးမဟာမိတ် ၂၈ နိုင်ငံသည် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆွေးနွေးမှုအတော်များများကို ဆိုင်းငံ့ထားလိုက်ပြီး ပိုလန်နှင့် ရိုမေးနီးယားနိုင်ငံတို့မှ လေကြောင်းထောက်လှမ်းမှုများ ပြုလုပ်လျက်ရှိသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ချပ်ဟေဂယ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပိုလန်ကာကွယ်ရေးဝန်ကြီး တွမ်မက်ဇ်ဆိုင်မွန်နိုတ်က အမေရိကန်နိုင်ငံက ပိုလန်နိုင်ငံကို မြေပြင်တပ်ဖွဲ့များ စေလွှတ်ရန်စီစဉ်လျက်ရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာသို့ ပြောကြားသည်။ စစ်ဘက်ဆိုင်ရာစီမံခန့်ခွဲသူများက ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များအတွက် စီစဉ်နေကြသကဲ့သို့ အမေရိကန်နှင့် ပိုလန်နိုင်ငံတို့သည် လေကြောင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ အထူးတပ်ဖွဲ့များဖွဲ့စည်းရေးနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် စီစဉ်ခဲ့ကြကြောင်း၊ အမေရိကန်အနေဖြင့် အာရှတွင် စစ်ရေးနှင့် သံတမန်ရေး ပြန်လည်တိုးမြှင့်ရန် ထုတ်ပြန်ကြေညာပြီးနောက် ဥရောပတွင်လည်း ပြန်လည်အလေးထားရန် လိုအပ်မည်ဟု မိမိယုံကြည်ကြောင်း၊ ဥရောပမှာ ခြိမ်းခြောက်မှုများမရှိခဲ့လျှင် အမေရိကန်အနေဖြင့်လည်း ဥရောပကို အလေးထားစရာမလိုကြောင်း တွမ်မက်ဇ်ဆိုင်မွန်နိုတ်က ဝါရှင်တန်ပို့စ်သတင်းစာသို့ ပြောကြားသည်။

ယခုလောလောဆယ်တွင် မည်သည့်စီမံကိန်းကိုမျှ တရားဝင်ထုတ်ပြန် မကြေညာသေးသော်လည်း ဥရောပတွင် စစ်ဘက်စီမံခန့်ခွဲမှုပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း၊ နေတိုးအဖွဲ့ဝင် မဟာမိတ်နိုင်ငံများနှင့် ထားရှိထားသည့်ကတိအတိုင်း ပူးပေါင်းခုခံကာကွယ်သွားရန် နည်းလမ်းများ စောင့်ကြည့်ရှာကြံလျက်ရှိကြောင်း၊ ဥရောပတွင် လေကြောင်းရန်ကာကွယ်ရေး၊ ရေကြောင်းကာကွယ်ရေးနှင့် မြေပြင်ကာကွယ်ရေးအစီအမံများကို စဉ်းစားစီစဉ်လျက်ရှိကြောင်းနှင့် နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့်သာမက နေတိုးအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများနှင့်ပါ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားမည်ဖြစ်ကြောင်း ပင်တဂွန်သတင်းထုတ်ပြန်ရေးတာဝန်ရှိသူ ရေရာအဒမ် ဂျွန်ကီဘာက ပြောကြားသည်။

အမေရိကန်နိုင်ငံက ပိုလန်နိုင်ငံတွင် အက်ဖ်-၁၆ တိုက်လေယာဉ် ၁၂ စင်း ဖြန့်ကြက်ရန်နှင့် ပိုလန်နိုင်ငံ၏ လေကြောင်းကာကွယ်ရေးအစီအစဉ်အတွက် အက်ဖ်-၁၅ တိုက်လေယာဉ် ၁၀ စင်းကို မကြာသေးမီရက်များအတွင်းက ပေးပို့ခဲ့သည်။ ပိုလန်တပ်မတော်ကို ခေတ်မီသည့် တပ်မတော်တည်ဆောက်ရာတွင် အမေရိကန်နိုင်ငံက ပံ့ပိုးကူညီရန် စောင့်မျှော်လျက်ရှိကြောင်း အမေရိကန်ဒုသမ္မတ ဂျိုးဘိုင်ဒင်က လွန်ခဲ့သည့်လက ပိုလန်ခရီးစဉ်တွင်ပြောကြားခဲ့သည်။

ယူကရိန်း၊ ရုရှား၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သည် ဧပြီ ၁၇ ရက်က ဂျီနီဗာတွင်တွေ့ဆုံပြီး ယူကရိန်းနိုင်ငံတွင် ဖြစ်ပွားနေသောတင်းမာမှုများကို ငြိမ်သက်လျော့ကျစေရန် ဆွေးနွေးခဲ့ကြသည်။ ယူကရိန်းသမ္မတဟောင်း ဗစ်တာယာနူကိုဗစ်ချ်သည် ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံသို့ ထွက်ပြေးသွားခဲ့ပြီး မတ်လတွင် ရုရှားက ခရိုင်းမီးယားဒေသကို သိမ်းပိုက်လိုက်သည်။ ဂျီနီဗာဆွေးနွေးပွဲက လက်နက်ကိုင်ဆောင်ထားသည့် အဖွဲ့အစည်းများအနေဖြင့် လက်နက်များအာလုံးကို စွန့်လွှတ်၍ ယူကရိန်းနိုင်ငံတစ်ဝန်း သိမ်းပိုက်ထားသည့် အစိုးရအဆောက်အအုံများမှ အမြန်ဆုံးထွက်ခွာပေးရန် တောင်းဆိုခဲ့သည်။

ဒွန်းတက်ခ်မြို့ကိုသိမ်းပိုက်ပြီး ဒွန်းတက်ခ်ပြည်သူ့သမ္မတနိုင်ငံဟု ကိုယ့်ဘာသာကိုအမည်ပေးပြီး ဒွန်းတက်ခ်သမ္မတဟုခံယူထားသူ ဒန်းနစ်ပွတ်ရှလင်က သောင်းကျန်းသူများက မြို့ပေါင်း ၁၀ မြို့ကျော်ကို သိမ်းပိုက်ထားပြီး လက်ရှိယူကရိန်းကြားဖြတ်အစိုးရကို အသိအမှတ်မပြုသည့်အတွက် အစိုးရမနုတ်ထွက်သမျှ အဆောက်အအုံများမှ ထွက်ခွာပေးမည်မဟုတ်ကြောင်း ဧပြီ ၁၈ ရက်တွင် သတင်းထောက်များကိုပြောကြားခဲ့သည်။

ယူကရိန်းသမ္မတရွေးကောက်ပွဲကို မေ ၂၅ ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။ သို့သော် ပွတ်ရှလင်က ဒွန်းတက်ခ်ဒေသ၏ ကိုယ်ပိုင်ဆန္ဒခံယူပွဲကို မေ ၁၁ ရက်တွင် ကျင်းပရန် ထပ်တလဲလဲတောင်းဆိုနေခဲ့ပြီး ခရိုင်းမီးယားဒေသကဲ့သို့ ရုရှားနှင့်ပူးပေါင်းနိုင်မည့် ဆန္ဒခံယူပွဲမျိုးကို လိုလားနေသည်။

ယူကရိန်းကြားဖြတ်အစိုးရက ဆန့်ကျင်ဆန္ဒပြသူများ၏ တောင်းဆိုမှုကို တွေ့ဆုံညှိနှိုင်းမည့် လက္ခဏာတစ်ရပ်ပြသခဲ့ပြီး ယာယီသမ္မတနှင့် ယာယီဝန်ကြီးချုပ်တို့က ဒေသများ လုံခြုံမှုရှိစေရေးနှင့် ဒေသခံအစိုးရအခွင့်အရေးပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည့်စုံကျယ်ပြန့်စွာဖြင့် ပြန်လည်ရေးဆွဲရန် အဆင်သင့်ရှိကြောင်းထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် ရုရှားဘာသာစကားကို အထူးအဆင့်အတန်းအနေဖြင့် ဦးစားပေးသတ်မှတ်ပေးရန် ကတိပြုခဲ့ပြီး မည်သည့်ဘာသာစကားကိုပြောဆိုသည်ဖြစ်စေ နိုင်ငံသားများ၏ အခွင့်အရေးကိုကာကွယ်ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ သို့သော်လည်း အဆိုပါလိုက်လျောမှုများသည် ယူကရိန်းနိုင်ငံမှ ခွဲထွက်လိုသူများကို ကျေနပ်နှစ်သိမ့်မှုပေးနိုင်မည်မဟုတ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ယခုအခါ ယူကရိန်းနိုင်ငံအရှေ့ပိုင်းမြို့အတော်များများကို ခွဲထွက်ရေးသမားများက အစိုးရအဆောက်အအုံများကို သိမ်းပိုက်ထားပြီး ယူကရိန်းကြားဖြတ်အစိုးရကိုလည်း အသိအမှတ်မပြုဘဲ အစိုးရနုတ်ထွက်ပေးရန်သာတောင်းဆိုနေသည်။ ယူကရိန်းနိုင်ငံတွင် မတည်ငြိမ်မှုများဖြစ်ပွားအောင် ရုရှားနိုင်ငံက နောက်ကွယ်မှ သွေးထိုးပေးနေသည်ဟု ယူကရိန်းကစွပ်စွဲခဲ့ပြီး ရုရှားတပ်များ ယူကရိန်းနိုင်ငံတွင်းသို့ စေလွှတ်နိုင်ရန် ဖန်တီးကာ နိုင်ငံပြိုကွဲအောင်ပြုလုပ်နေသည်ဟု ရှုတ်ချလိုက်သည်။ မငြိမ်မသက်မှုများဖြင့် အခြေအနေများရှုပ်ထွေးနေသည့် ယူကရိန်းနိုင်ငံ၌ မေ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲမှာ မည်သည့်ရလဒ်များ ထွက်ပေါ်လာမည်ကို စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ။

အေဝမ်းစိုး

ပါကစ္စတန်နာမည်ကျော် ရုပ်သံသတင်းသမား သေနတ်ပစ်ခံရ

ကရာချိ မေ ၂၀- ပါကစ္စတန်နိုင်ငံတွင် နာမည်ကျော်ထင်ရှားသည် ရုပ်သံအစီအစဉ်တွင် တင်ဆက်သူ သတင်းသမားတစ်ဦး သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပုဂ္ဂလိကပိုင် ဂျီရုပ်သံတွင် အစီအစဉ်တင်ဆက်နေသည့် ဟာမစ်မီယာသည် မေ ၂၀ ရက်က ကရာချိမြို့ လေဆိပ်အနီးတွင် ပစ်ခတ်တိုက်ခိုက်ခံရပြီး ဒဏ်ရာရရှိသွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမားတစ်ဦးက ဟာမစ်မီယာ၏ ကားကို အရင်ဆုံးပစ်ခတ်ပြီး အခြားသေနတ်သမားများက သူ့နောက်သို့ မော်တော်ဆိုင်ကယ်များစီးနင်းကာ လိုက်လံပစ်ခတ်ခဲ့ကြသည်ဟု ထိပ်တန်းရဲအရာရှိ ပီယာမိုဟာမတ် ဆာဟာကပြောကြားသည်။ ပစ်ခတ်တိုက်ခိုက်မှုကြောင့် မီယာသည် ဝမ်းဗိုက်နှင့် ပေါင်တို့တွင် ဒဏ်ရာသုံးခုရရှိခဲ့သော်လည်း အသက်ရှင် မည်ဟုမျှော်လင့်ရကြောင်း ပါကစ္စတန် ရဲချုပ် ရှာဟစ် ဟာရွတ်က ဂျီရုပ်သံသို့ ပြောကြားသည်။

လွန်ခဲ့သည့်နှစ်ကလည်း မီယာ၏ ကားအောက်မှ ဗုံးတစ်လုံးကို တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိခဲ့ကြသည်။ ပါကစ္စတန်နိုင်ငံသည် သတင်းသမားများအတွက် အန္တရာယ်အရှိဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး သတင်းသမားများ အကာအကွယ်ပေးရေးကော်မတီမှ သတင်းသမားများကို ပိုမိုဂရုစိုက် အကာအကွယ်ပေးရန် ပါကစ္စတန်အစိုးရကို မကြာသေးမီက တောင်းဆိုတိုက်တွန်းခဲ့သည်။

အေပီ။




လိုတိုင်းတ၍ ရနိုင်ပြီ

ရှင်းသန့်ချို

တန်ခူး၊ ကဆုန် ဆွေ့ဆွေ့ခုန်ဟူသော ပူလောင်ပြင်းပြသည့် အချိန်ကာလသို့ရောက်ရှိလာပေပြီ။ မြန်မာ့ရာသီဥတုတွင် နွေဥတုသည် တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လနှင့် နယုန်လအတွင်းကျရောက်သည်။ ထိုကာလအတွင်းတွင် ရေတွင်း၊ရေကန်များ ခန်းခြောက်လေ့ရှိပြီး ရေရှားပါးမှုဒဏ်ကို ခံရလေ့ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ရေရှားပါးမှုဒဏ်ကို ပိုမိုခံစားကြရပါသည်။ ရေဘူးနှင့်ဖိနပ်မပါလျှင် နွေအခါမှသိဆိုသကဲ့သို့ ရေရှားပါးသောဒေသတွင် ရေ၏တန်ဖိုးကိုနွေအခါတွင် ပိုမိုသိရှိနိုင်ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အပူပိုင်းဒေသများအဖြစ် ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်၊ ကျောက်ဆည်ခရိုင်၊ မုံရွာခရိုင်၊ မိတ္ထီလာခရိုင်၊ ကျောက်ပန်းတောင်းခရိုင်၊ ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ မကွေးခရိုင်၊ ပခုက္ကူခရိုင်နှင့် သရက်ခရိုင်ဟူ၍ ခရိုင် ၁၁ ခု သတ်မှတ်ပေးထားသည်။ ထိုဒေသများသည် နှစ်စဉ်မိုးရေချိန်လက်မ ၄၀ အောက်သာရရှိပြီး အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်ခန့်ရှိသည့် ဒေသများဖြစ်ကြသည်။

ထိုဒေသများတွင် နေထိုင်ကြသည့်သူများအနေဖြင့် နှစ်စဉ်နှစ်တိုင်း နွေရာသီတွင် အပူဒဏ်ကြောင့် ရေခန်းခြောက်၍ ရေရှားပါးသည့်ဒဏ်ကို ခံစားရသကဲ့သို့ မိုးရာသီတွင်လည်း မိုးခေါင်သည့်အခါ ရေရှားပါးသည့်ဒဏ်ကို ခံစားကြရသည်။ ရှေးယခင်က အညာကျေးလက်တောရွာများတွင် သောက်သုံးရေအတွက် ရေတွင်း၊ ရေကန်များကို အားထားကြရပြီး နွေရာသီ ရေခန်းခြောက်သောအခါ သောက်သုံးရေအတွက် ဝေးလံသောနေရာများအထိ နွားလှည်းများဖြင့် ရေခပ်ကြရသည်။ ချောင်းရေကို သုံးစွဲသောကျေးရွာများတွင်မူ သဲချောင်းများအတွင်း လက်ယက်စမ်းလေးများတူးကာ ရေတစ်အိုးရရန် နာရီပေါင်းများစွာ အချိန်ကုန်ခံကာ စောင့်စားရသည့် အဖြစ်များလည်း ရှိခဲ့သည်။

ရေရှားပါးမှုကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသာမက ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများတွင်လည်း တွေ့ကြုံခံစားနေရသည်။ အဆိုးရွားဆုံးခံစားရသောနိုင်ငံမှာ အီသီယိုးပီးယားနိုင်ငံဖြစ်သည်။ အီသီယိုးပီးယားသည် မိုးခေါင်ရေရှားမှု ကြောင့် အငတ်ဘေးနှင့်ကြုံတွေ့ခဲ့ရပြီး ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ ရေပြဿနာသည် ဆင်းရဲသည့် နိုင်ငံများတွင်သာ ကြုံတွေ့နေရ သော အခက်အခဲတစ်ခုမဟုတ်ပေ။ စင်ကာပူနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံသည်ပင် သောက်သုံးရေကို မလေးရှားနိုင်ငံမှ ဝယ်ယူရပြီး ထိုင်ဝမ်ကျွန်းစုသည်လည်း တရုတ်ပြည်မကြီးမှ ရေအထောက်အပံ့ကို ရယူနေရသည်။

ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲနေချိန်တွင် မိုးခေါင်ရေရှားမှုမှာ ကမ္ဘာ့နိုင်ငံများ မလွဲမသွေ ကြုံတွေ့ရင်ဆိုင်ရမည့် ပြဿနာတစ်ရပ်ဖြစ်လာပေသည်။ ကမ္ဘာပေါ်တွင် အမျိုးသမီးထု၏ အခွင့်အရေးများ မြှင့်တင်နိုင်ရန် ဆောင်ရွက်ရာတွင်ပင် လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေးကို ထည့်သွင်းဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ရေရှားသည့်အရပ်ဒေသများ၌ အမျိုးသမီးများသည် အိမ်သုံးရန်အတွက် ရေခပ်ရာတွင် အချိန်နှင့်လုပ်အားများစွာပေးကြရသဖြင့် အမျိုးသမီးထုအတွက် တန်ဖိုးရှိသည့်အချိန်များကို အခြားနေရာများတွင် အသုံးပြုနိုင်ရန်အတွက် သောက်သုံးရေရရှိရေးသည် အရေးပါသောလုပ်ငန်းစဉ်တစ်ရပ်အဖြစ် တည်ရှိနေသည်ကိုတွေ့ရသည်။

ရေအသက်တစ်မနက်ဆိုသကဲ့သို့ပင် ယနေ့ခေတ်တွင် နိုင်ငံတကာ၌ ရေရှာဖွေရေးသည် အရေးကြီးသော အခြေအနေတစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ရာသီဥတုအပြောင်းအလဲတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သည့်နိုင်ငံများသည် မြေအောက်ရေခန်းခြောက်မှုကို ကြုံတွေ့နေကြရသည်။ ရေသည် အလကားရရှိပြီး တန်ဖိုးအနည်းဆုံးပေးရသည့်အတွက် သမိုင်းကြောင်းအဆက်ဆက်တွင် ရေကိုအလဟဿအသုံးပြုခဲ့ကြသည်။ ကမ္ဘာ့ရေချို ၇၀ ရာခိုင်နှုန်းကို လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုခဲ့ကြပြီး ယခုအခါတွင် ရေရှိရေးအတွက် နိုင်ငံတကာတွင် ယှဉ်ပြိုင်မှုများ စတင်နေကြပြီ ဖြစ်သည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် မြေအောက်ရေခန်းခြောက်မှုကြောင့် စိုက်ပျိုးဧက၏ လေးပုံတစ်ပုံကို ဆုံးရှုံးရဖွယ်ရှိသည်ဟု ပညာရှင်များက သုံးသပ်ထားသည်။

ရေပြဿနာကြောင့် နိုင်ငံအချင်းချင်း၊ တိုင်းပြည်အချင်းချင်း အငြင်းပွားမှုပြိုင်ဆိုင်မှုများမှာ ယခုခေတ်တွင်သာမက ရှေးယခင်ကလည်း ရှိခဲ့ပါသည်။ ဘုရားရှင်လက်ထက်က တစ်ခုသောနွေလတွင် ရေအခက်အခဲတွေ့ကြုံကြရသည်။ ထိုအခါ ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင်သည် ရောဟိနီမြစ်ရေကို ဝေစုခွဲ၍သုံးကြရာ အဝေမတည့်သဖြင့် တိုင်းပြည်နှစ်ပြည်အချင်းများကြသည်။ စစ်မက်ဖြစ်ပွားမည့်အရေးကို မြင်သဖြင့် မြတ်စွာဘုရားရှင်ကြွချီလာပြီး နှစ်ပြည်ထောင်ရန်စစ်ပြေငြိမ်းရန် တရားဟောခဲ့သည့် သာဓကရှိခဲ့ပေသည်။

ရွာတိုင်းရွာတိုင်းတွင် လက်နှိပ်တုံကင်များ၊ စက်ရေတွင်းများတွင် ရေခပ်သူများနှင့်ပြည့်နှက်နေပေသည်။ နွေပူပူတွင် သဲပူပူကိုဖြတ်ကာ ရေလှည်းမောင်းရသည့်ဒုက္ခ၊ ရေတွင်းနက်နက်ထဲမှရေကို ညလုံးပေါက်စစ်ကာ ခပ်ယူရသည့်ဒုက္ခ၊ရေတွင်း၊ရေကန်ရှိသည့်နေရာသို့ တပင်တပန်းရေသွားခပ်ရသည့်ဒုက္ခများမှ ကင်းလွတ်ခွင့်ရခဲ့ပေပြီ။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေထိုင်သူများအနေဖြင့် မြစ်ချောင်းနှင့်နီးသောဒေသများက မြစ်ရေချောင်းရေကို အသုံးပြုသည်။ မြစ်ချောင်းမနီးသည့်ဒေသများတွင် မိုးအခါ မိုးရေကိုအသုံးပြုသည်။ နွေအခါတွင် ရေတွင်း၊ ရေကန်များမှရေကို အားထားအသုံးပြုရသည်။ ပူပြင်းလွန်းသောရာသီတွင် ရေတွင်း၊ ရေကန်များ ခန်းခြောက်ခြင်း၊ မြစ်ချောင်းများတိမ်ကောလာခြင်းတို့ကြောင့် ရေအခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရသည်။ ယခုအစိုးရသစ်လက်ထက် ၂၀၁၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားမှုများဖြစ်ပေါ်ပြီး တောင်သူများ စိုက်ပျိုးသီးနှံပျက်စီးမှုမဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ခရိုင်ခြောက်ခရိုင်မှ မြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၃၈၂ ရွာတွင် တောင်သူပေါင်း ၃၉၂၅ ဦးအတွက် စိုက်ပျိုးရေစက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေရရှိရေးဆောင်ရွက်ရာတွင် နည်းလမ်းများစွာရှိပါသည်။ ထိုနည်းလမ်းများထဲတွင်မြစ်ချောင်းများမှရေကို ရေစုပ်စက်များဖြင့်စုပ်တင်ခြင်းနှင့် မြေအောက်ရေများကိုဖော်ထုတ်သုံးစွဲခြင်းတို့ဖြင့် စိုက်ပျိုးရေးအတွက် အပြည့်အဝအသုံးချနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

မြစ်ချောင်းများမှရေကို ရေစုပ်စက်များဖြင့်စုပ်တင်ရာတွင် သီးနှံစိုက်ပျိုးရေးအတွက်သာမက ရေသောက်ဧရိယာအတွင်းရှိ လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်ရေ၊ သုံးရေများကိုပါ ဖြည့်ဆည်းပေးလျက်ရှိပါသည်။ မြစ်ရေတင်ဒေသကျေးရွာများတွင် လက်တံမြောင်းများမှတစ်ဆင့် သောက်သုံးရေကန်များတည်ဆောက်ကာ သုံးရေဖြည့်ဆည်းပေးလျက်ရှိပါသည်။ ထို့ကြောင့် စဉ့်ကိုင်ရွှေလှံဗိုလ်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ လက်ပံခြေပေါ်မြစ်ရေတင်နှင့် ငါ့သရောက်မြစ်ရေတင်ဒေသတို့တွင် သောက်သုံးရေလုံလောက်စွာရရှိခဲ့ပြီဖြစ်သည်။ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် သီးနှံအထွက်နှုန်းတိုးတက်လာခြင်း၊ သီးထပ်စွမ်းအားတိုးတက်လာခြင်း၊ ဒေသဝမ်းစာဖူလုံစွာရရှိခြင်း၊ သောက်သုံးရေရရှိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာနှင့် ကျန်းမာရေးကောင်းမွန်လာခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာခြင်း၊ အပေါ်ယံမြေဆီလွှာကောင်းမွန်လာခြင်း၊ မြေအောက်ရေမြင့်တက်လာခြင်းနှင့် မြောင်းစစ်လမ်းအားကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်မှုအတွက် လွယ်ကူစွာအသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားရရှိမည်ဖြစ်သည်။

မြေအောက်ရေဖော်ထုတ်သုံးစွဲခြင်းစနစ်ဖြင့် ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင်အတွင်းတွင် ကျေးရွာခြောက်ရွာ၌ စက်ရေတွင်းခြောက်တွင်း၊ ညောင်ဦးခရိုင်အတွင်းတွင် ရွာပေါင်း ၂၁ ရွာ၌ စက်ရေတွင်း ၂၁ တွင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းတွင် ကျေးရွာ ၂၁ ရွာ၌ စက်ရေတွင်း ၂၉ တွင်း၊ မြင်းခြံခရိုင်အတွင်းတွင် ကျေးရွာပေါင်း ၆၈ ရွာ၌ စက်ရေတွင်း ၅၄ တွင်း၊ မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၉၅ ရွာတွင် စက်ရေတွင်း ၅၆ တွင်း၊ လက်နှိပ်တုံကင် ၃၆ တွင်း၊ ရမည်းသင်းခရိုင်အတွင်းရှိ ကျေးရွာ ၁၉ ရွာတွင် စက်ရေတွင်း ၁၉ တွင်းကို တူးဖော်ပေးနိုင်ခဲ့သည်။ ထိုသို့ ကျေးရွာပေါင်း ၂၃၀ တွင် စက်ရေတွင်းနှင့် လက်နှိပ်တုံကင်ပေါင်း ၂၂၁ ခုကို တူးဖော်ပေးနိုင်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းတွင်လည်း ကျေးရွာပေါင်း ၁၅၇ ရွာတွင် စက်ရေတွင်းနှင့် လက်နှိပ်တုံကင်ပေါင်း ၂၁၈ ခုကို ဆက်လက်တူးဖော်သွားမည်ဖြစ်သည်။

ထိုဆောင်ရွက်ချက်များအပြင် စိုက်ပျိုးရေဖူလုံရေးအတွက် ဆည်များ၊ ကန်ငယ်များကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ ၂၀၁၃ ခုနှစ်အတွင်းတွင် ခရိုင်ခြောက်ခရိုင်၌ ကျေးရွာပေါင်း ၂၀၆ ရွာတွင် ဆည်၊ကန်အရေးအတွက် ၂၀၆ ခုတည်ဆောက်ပေးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ခရိုင်ခြောက်ခရိုင်အတွင်း ကျေးရွာပေါင်း ၁၅၇ ရွာတွင် ဆည်၊ကန် ၂၁၈ ခု တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ဆည်များတည်ဆောက်ခြင်း၊ ရေတွင်း၊ရေကန်များတူးဖော်ခြင်းသည် ခေတ်အဆက်ဆက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ ရှေးယခင်မင်းများအဆက်ဆက်လက်ထက်တွင် တူးဖော်တည်ဆောက်ခဲ့သော ကန်၊ချောင်း၊ဆည်မြောင်းများစွာရှိပါသည်။ "တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ၊ ငှက်ပေါင်းစုံသည်၊ ဘုံဝတီသာ၊ နတ်ရွာပေလော၊ တူစွဟုတ္တာ" ဟု ပုဂံပြည်တူရွှင်းတောင်ခြေရှိမြကန်ကို ဖွဲ့နွဲ့ထားသည့် ရှေးမြန်မာကဗျာအရ မြန်မာမင်းများလက်ထက်ကပင် ပြည်သူများသောက်သုံးရေရရှိအောင် စီစဉ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ "မိတ္ထီလာကန်တော်အောက်ကဖားကောက်ခဲ့ပါ" ဟူသည့် သားချော့တေးအရလည်း မိတ္ထီလာကန်သည် ထင်းရှားသည့်ကန်တစ်ကန်ဖြစ်သည်ကိုတွေ့နိုင်ပါသည်။

ထိုသို့ခေတ်အဆက်ဆက်သောက်သုံးရေရရှိရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သည်ကို ကြည့်ခြင်းဖြင့် ရေ၏တန်ဖိုးကိုသိရှိနိုင်သည်။ အသောကမင်းကြီးတူးဖော်ခဲ့သောရေကန်ပေါင်း ရှစ်သောင်းလေးထောင်သည်လည်း ယနေ့တိုင်ထင်ရှားလျက်ရှိပေသည်။

ရှားပါးသည့်ဒေသတွင် ရေသည်ရွှေထက်တန်ဖိုးရှိပေသည်။ ရွှေကိုမလို ရေကိုသာလိုသည်ဟူသော စကားနှင့်အညီ ရေကိုလိုသော ဒေသများတွင် လိုအပ်ချက်အတိုင်း ရေများပေါများပြည့်လျှံစွာရှိခဲ့ပေပြီ။ တောင်သူများအတွက် စိုက်ပျိုးရေလုံလောက်စွာရသလို သောက်သုံးရန်လည်း သန့်ရှင်းသောရေကိုရရှိနိုင်ပြီဖြစ်သည်။ နွေရာသီတွင် ရေအတွက်ပူပင်ရသောဒုက္ခမှကင်းလွတ်ခွင့်ရပြီဖြစ်သည်။ ယနေ့ကာလတွင် တည်ဆောက်တူးဖော်နေသည့် ရေတွင်း၊ရေကန်များ၊ ဆည်များသည် ယခင်ကာလနှင့်မတူ ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးအတွက် ခြေလှမ်းတစ်ရပ်ဖြစ်သလို နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးကိုအထောက်အကူပြုနိုင်သောအချက်တစ်ချက်လည်းဖြစ်ပါသည်။

ရွာတိုင်းရွာတိုင်းတွင် လက်နှိပ်တုံကင်များ၊ စက်ရေတွင်းများတွင် ရေခပ်သူများနှင့်ပြည့်နှက်နေပေသည်။ နွေပူပူတွင် သဲပူပူကိုဖြတ်ကာ ရေလှည်းမောင်းရသည့်ဒုက္ခ၊ ရေတွင်းနက်နက်ထဲမှ ရေကိုညလုံးပေါက်စစ်ကာ ခပ်ယူရသည့် ဒုက္ခ၊ ရေတွင်း၊ရေကန်ရှိသည့်နေရာသို့ တပင်တပန်းရေသွားခပ်ရသည့် ဒုက္ခများမှ ကင်းလွတ်ခွင့်ရခဲ့ပေပြီ။ အားလုံး၏မျက်နှာတွင် အပြုံးပန်းများဝေနေသည်။ ရွှေကိုမလို ရေကိုသာလိုသည့်ဒေသ၊ ယခုရေကို လိုတိုင်းတ၍ရနိုင်နေပြီ မဟုတ်ပါလား။ ။

ပြည်တွင်းရေးရာ

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြည်သူအများ လက်တွေ့ခံစားလာရပြီ

ရန်ကုန် မေ ၂၀

ပတ်တီး၊ ဂွမ်း၊ အရက်ပြန်မှအစ ဆေးဝါးအထိ ကိုယ်ပိုင်ဝင်ငွေဖြင့် ဝယ်ယူကုန်ကျခံကာ နိုင်ငံပိုင်ဆေးရုံများတွင် အများပြည်သူ၊ အထူးသဖြင့် ဝင်ငွေနည်းလူတန်းစားများ တက်ရောက်ဆေးကုသခံယူနေရာမှ ပြောင်းလဲလာသော နိုင်ငံတော်၏ ကျန်းမာရေးလုပ်ငန်းများအပေါ် ခွဲဝေသုံးစွဲလာသော ဘတ်ဂျက်ငွေကြေးပမာဏ ယခင်ကာလများထက် ပိုမိုများပြားလာခြင်း၊ နိုင်ငံတကာမှ ပူးပေါင်းကူညီမှု များပြားလာခြင်းတို့ကြောင့် ယနေ့အချိန်တွင် နိုင်ငံပိုင်ဆေးရုံများတွင် ဆေးဝါးမှအစ ခွဲစိတ်ကုသမှုများတွင် ဝင်ငွေနည်းပြည်သူများ ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် ကျန်းမာရေးကုသမှုခံလာနိုင်ကြောင်း သက်ြန်မတိုင်မီ ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ တက်ရောက်ခွဲစိတ်မွေးဖွားခဲ့သူ အမျိုးသမီးငယ်တစ်ဦး၏ ခင်ပွန်းဖြစ်သူ၏ ကိုယ်တွေ့ခံစားရမှုပြောဆိုချက်အရ သိရသည်။

ပြင်ပ ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်ကိုယ်စီ လုပ်ကိုင်နေသော ဇနီးမောင်နှံ ငယ်ရွယ်သူများအနေဖြင့် ကိုယ်ဝန်ရရှိလာပြီဟု သိရှိရပြီးနောက် ကိုယ်ဝန်လေးလရရှိချိန်တွင် အဆိုပါ အမျိုးသမီးဆေးရုံကြီးသို့ ပြသခဲ့ကြောင်း၊ ကိုယ်ဝန်နစဉ်ကာလက တစ်ကြိမ်၊ မွေးဖွားချိန်နီးလာသည့်အခါ တစ်ပတ်တစ်ကြိမ် ပုံမှန်ဆေးရုံသို့ ပြသခဲ့ကြောင်း၊ မီးဖွားစရိတ် ကြိုတင်တွေးတောပူပန်မှုများ ရှိကြောင်း၊ နှစ်ဖက်မိဘများနှင့် ဝေးကွာသော ရန်ကုန်မြို့တွင် လာရောက်အလုပ်လုပ်ကိုင်ရသူများဖြစ်၍ ပုဂ္ဂလိကဆေးရုံ အထူးကုဆေးရုံကြီးများသို့ တက်ရောက်ရန် မမျှော်မှန်းရဲဘဲ နိုင်ငံပိုင်ဆေးရုံကိုသာ အားထားကြောင်း၊ မွေးဖွားရန် ခန့်မှန်းရက်ဖြစ်သော မေ ၈ ရက်မတိုင်မီ ၇ ရက်ညနေ ဆေးရုံသို့ တက်ရောက်ခဲ့ရာ ဒုတိယထပ် လူနာ ၁၀ ဦး ဝန်းကျင်ရှိသောအခန်းတွင် နေရာရခဲ့ကြောင်း၊ ညပိုင်းတွင် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများသည် ရိုးရိုးမီးဖွားရန် လုပ်ဆောင်သော်လည်း မဖြစ်နိုင်သဖြင့် မေ ၈ ရက် နံနက်ပိုင်းတွင် ခွဲခန်းဝင်ခဲ့ရကြောင်း၊ ခွဲခန်းမဝင်မီဆေးရုံမှ ခွဲခန်းတွင် အသုံးပြုမည့်ဆေးဝါးပစ္စည်းမျိုးစုံအထုပ်လိုက် လာရောက်ပေးထားကြောင်း၊ ငွေကြေးအားဖြင့် ဝယ်ယူရခြင်းမရှိဘဲ နိုင်ငံတော်မှ ကျခံထုတ်ပေးခြင်းဖြစ်သည်ဟု သိရသည်။

ခွဲစိတ်မှုအောင်မြင်ပြီး သားဦးရတနာကို အလေးချိန် ၇ ပေါင် ၆ အောင်စဖြင့် မွေးဖွားနိုင်ပြီးနောက် လိုအပ်သော ဆေးဝါးကုသမှု တစ်ရက်တာခံယူပြီး မေ ၉ ရက်တွင် ၁၀ ဦးရှိ လူနာခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ဆေးရုံပေါ်ရှိ ဆရာဝန်၊ ဆရာမများ၊ သူနာပြုများမှအစ ကျန်းမာရေးဝန်ထမ်းများ၏ နွေးထွေးပျူငှာသော ဆက်ဆံမှုများရှိကြောင်း၊ မေ ၁၄ ရက်တွင် ဆေးရုံမှ ဆင်းခဲ့ရကြောင်း၊ ငွေကြေးတတ်နိုင်သူများအနေဖြင့် ခွဲစိတ်မီးဖွားခြင်းကို သိန်းချီငွေကြေးအကုန်အကျခံကာ လုပ်ဆောင်နိုင်သော်လည်း ဝင်ငွေနည်းပြည်သူများအနေဖြင့် နိုင်ငံပိုင်ဆေးရုံတွင် ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် ခွဲစိတ်ကုသနိုင်ခြင်းအပေါ် အချို့သော ပုဂ္ဂိုလ်များ သံသယရှိနိုင်သဖြင့် မိမိဇနီးနှင့် ဘေးချင်းကပ်ရက်အနည်းငယ်စော၍ ခွဲစိတ်မွေးဖွားခဲ့သော အသက်(၃၀)ကျော် အိန္ဒိယနွယ်ဖွား အမျိုးသမီးကြီးတစ်ဦး၏ ဖြစ်စဉ်ကိုပါ ပြောပြ၍ သိရသည်။

အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ဆေးရုံတက်၊ ဆေးရုံမှ တစ်ရက်နှစ်ကြိမ် ကျွေးမွေးသော နံနက်နှင့် ညစာ ထမင်းဟင်းများ စားသုံး၊ လာရောက်ကြည့်ရှုသူ မရှိသူကိုပင် ခွဲစိတ်မွေးဖွားပေးခဲ့သည်ကို မြင်တွေ့ခဲ့ရကြောင်း၊ မိမိထက် ရက်စော၍ မီးဖွားပြီး ဆေးရုံဆင်းသွားသော၊ မြင်လျှင် မှတ်မိလွယ်သော၊ မျက်နှာတွင် အမာရွတ်ရှိသော အဆိုပါအမျိုးသမီးကို ကလေးငယ်ရင်ခွင်ပိုက်၍ သင်္ကြန်ရက် လူစည်ကားရာ အင်းယားကန်ဝန်းကျင်ရှိ ရေကစားမဏ္ဍပ် ဝန်းကျင်တွင် လှည့်လည်ငွေကြေး တောင်းခံနေရာ မိမိကို လူနာလာစောင့်ပေးသော အသိမိတ်ဆွေအမျိုးသမီးနှင့် ယင်းနေရာတွင် တွေ့ဆုံခဲ့၍ နှုတ်ဆက်ခဲ့ကြောင်း အမျိုးသမီးမိတ်ဆွေ၏ ပြောပြချက်အရ သိရသည်ဟု ဆိုသည်။

နိုင်ငံပိုင်ဆေးရုံများတွင် အမှီခိုကင်းမဲ့သူများပင်လျှင် တက်ရောက်ဆေးကုသခံနေ၍ ရလာသည်မှာ အစိုးရသစ်လက်ထက်တွင် ပြောင်းလဲလာသော ကျန်းမာရေးဆိုင်ရာမူဝါဒများကြောင့် ဖြစ်ကြောင်း၊ အချို့သော နေရာများတွင် အပေါက်စောင့်၊ သန့်ရှင်းရေး ဝန်ထမ်းအချို့၏ လက်ဖက်ရည်ဖိုး တောင်းခံမှုများ မြင်တွေ့နေရသေးသော်လည်း အဓိကကျသည့် ငွေကြေးကုန်ကျခံ ဆေးဝါးဝယ်ယူပေးရခြင်းမျိုး၊ ခွဲစိတ်ကုသခံရခြင်းများ မရှိတော့သည့်အတွက် ဝင်ငွေနည်းသည့် အများပြည်သူအဖို့ ကျန်းမာရေးအတွက် ယခင်ကာလများထက် နိုင်ငံတော်အပေါ် အားကိုးအားထားပြုလာနိုင်ပြီဟု ကိုယ်တွေ့ကြုံခဲ့ရသည့် ဇနီးမောင်နှံ၏ ပြန်လည်ပြောကြားချက်ကို အများပြည်သူတို့ သိရှိခံစားနိုင်ရန် မျှဝေရေးသားလိုက်ပါသည်။

(မောင်စေအောင်)

ရွှေတောင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း လေပြင်းတိုက်ခတ်

ရွှေတောင် မေ ၂၀

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကသစ်တိုင်းကျေးရွာအုပ်စု စမ်းရွာစမ်းတောရ ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အကျော်စူဠာမြတ်သန္ဓာ (ဝိဇ္ဇာဝိမုတ္တိ) စေတီတော်မြတ်ကြီး၏ ရွှေထီးတော်သည် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် စေတီတော်ကြီး၏ အနောက်ဘက်သို့ တိမ်းစောင်းသွားခဲ့သည်။**(ယာပုံ)**

ဂင်းစေတီတော်သည် ရွှေတောင်မြို့နယ် ကသစ်တိုင်းကျေးရွာအုပ်စု စမ်းရွာတွင် သက္ကရာဇ် ၁၁၅၀ ခုနှစ် ဘိုးတော်ဘုရား လက်ထက်တွင် တည်ထားခဲ့သော အကျော်စူဠာမြတ်သန္ဓာ (ဝိဇ္ဇာဝိမုတ္တိ) စေတီတော်ကြီးသည် ၁၃၆၃ ခုနှစ်တွင် ပျက်စီးယိုယွင်းနေခဲ့သဖြင့် ထိုနှစ်မှစ၍ "မဟာစံတော်ဝင် တောရဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ သာသနာ့ဓဇ သီရိပဝါန ဓမ္မာစရိယ ဘဒ္ဒန္တ ဒီဝရ ဆရာတော်ကြီးကိုယ်တိုင် ဦးစီး၍ တပည့်ဖြစ်သူ ပန်းတောင်းမြို့ ဆိတ်ကဲကျောင်းဆရာတော် အရှင်စန္တိတနှင့် ဒါယကာ၊ ဒါယိကာမများ ညှိနှိုင်းတိုင်ပင်ပြီး ဉာဏ်တော်အမြင့် ၅၄ တောင်ရှိသော ယင်းစေတီတော်အား အသစ်တစ်ဖန် ထပ်မံပြုပြင်တည်ထားပြီး အကျော်စူဠာမြတ်သန္ဓာ (ဝိဇ္ဇာဝိမုတ္တိ)စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် အောင်မြင်စွာ တင်လှူပူဇော်ခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ လေပြင်းတိုက်ခတ်မှုကြောင့် စေတီတော်ကြီး၏ ရွှေထီးတော် ပျက်စီးမှုကို ပြန်လည်ပြုပြင်ရန်အတွက် အနယ်နယ်အရပ်ရပ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ရွှေတောင်မြို့အဝင် ရန်ကုန်-ပြည်လမ်းမကြီး၏ ညာဘက် ဝါးလည်ရွာမှ နှစ်မိုင်ခန့် ကားလမ်းအတိုင်း လာရောက်၍ မဟာစံတော်ဝင် တောရဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သာသနာ့ဓဇ သီရိပဝါန ဓမ္မာစရိယ ဘဒ္ဒန္တဒီဝရ ဆရာတော်ကြီးထံ လှူဒါန်းနိုင်ပါသည်။

ဤစေတီတော်ကြီးသည် မြတ်စွာဘုရား၏ သရီရဓာတ်တော်ကိုးဆူကို ဌာပနာထားသော စေတီတော်ကြီးဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ **(၁၄၃)**

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ရန်ကုန်၌ ကျင်းပမည်

ရန်ကုန် မေ ၂၀

မြန်မာဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာအဆင့်မီ ဂေါက်သီးသမားများ ပေါ်ထွက်လာရေးကို အဓိကထား၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA)တို့မှ ကြီးမှူး၍ ဧရာဝတီဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ မြဝတီဘဏ်၊ အာရှစီးပွားဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့မှ အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများအား ၂၀၁၄ ခုနှစ် မတ်လမှ စတင်ပြီး နိုဝင်ဘာလအထိ နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ မန္တလေး၊ ပုဂံ၊ နေပြည်တော်မြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယူနိုက်တက်အမရာဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ၂၀၁၄ ခုနှစ် မေ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း) တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12)အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားမောင်မယ်များသည် ၂၀၁၄ ခုနှစ် မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ကျပ် ၂၀၀၀၀ နှင့်အတူ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် မရမ်းကုန်းမြို့နယ် ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၇၃၀၈၀၁၁၂၊ ၀၉-၄၂၀၀၇၈၃၅၊ ၀၉-၂၀၃၇၆၇၁နှင့် ပြိုင်ပွဲကျင်းပမည့် ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း) တို့တွင် အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် လူဦးရေကန့်သတ်ထားသောကြောင့် ပြိုင်ပွဲအမည်စာရင်းများကို အချိန်မီ ပေးသွင်းကြပါရန်နှင့် သတ်မှတ်လူဦးရေထက် ကျော်လွန်ပါက ၂၀၁၄ ခုနှစ် မေ ၃၀ ရက်တွင် လက်ရည်စစ်ပြိုင်ပွဲ ကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အား စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဖိုးသော်ဇင်)

မိတ္ထီလာတွင် ခေတ္တတည်းခိုသူ ငွေကျပ် ၃၈ သိန်းကျော်ဖိုး အခိုးခံရ

မိတ္ထီလာ မေ ၂၀

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ် (၂) ရပ်ကွက် ဒေါ်တင်လှဝင်း (၅၅) နှစ်သည် မေ ၁၉ ရက်က လပွတ္တာမြို့မှ ပြန်လာပြီး သမီးဖြစ်သူ ဌေးဌေးလွင်၊ သမက် သန့်ဇင်ထွန်း၊ တူမတော်သူ မဉမ္မာဝင်းနှင့်တို့အတူ မိတ္ထီလာမြို့ ပြည်သာယာ (၃)လမ်း သရဖီလမ်းနေ ခမည်းခမက်တော်သူ ဒေါ်လှလှမြင့်အိမ်တွင်တည်းခိုကာ တစ်ညဝင်အိပ်ခဲ့သည်ဟု သိရသည်။

ဒေါ်တင်လှဝင်းသည် ညအိပ်ရာဝင်စဉ် ၎င်း၏ လက်ဝတ်လက်စားများကို လက်ဆွဲအိတ်ထဲထည့်ကာ ခေါင်းအုံးဘေးထား၍ ည ၁၂ နာရီအထိ ပူအိုက်၍ အိပ်မရသဖြင့် ပြတင်းပေါက်ဖွင့်၍ အိပ်ခဲ့သည်ဆို၏။ နံနက် ၆ နာရီ အိပ်ရာမှထချိန်တွင် ၎င်းဘေးထားအိပ်ခဲ့သော လက်ဝတ်လက်စား အိတ်မှာ ပျောက်ဆုံးသွားခဲ့သည်ဆိုသည်။ လက်ဝတ်လက်စားအိတ်ထဲတွင် ငွေကျပ် ၃၀၀၀၀ တန် NOKIA ဟန်းဆက် တစ်လုံး၊ ငွေစက္ကူရောရာ ကျပ် ၁၁ သိန်း၊ ငွေကျပ် ၁၆ သိန်း တန်ဖိုးရှိ နေကြာပုံပါ ရွှေဆွဲကြိုးနှစ်ကျပ်သား တစ်ကုံး၊ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ စက်ဖြတ်လက်ကောက်ပုံစံတူ ငါးကွင်း(တစ်ကျပ်ခွဲသား)၊ ငွေကျပ် တစ်သိန်းတန် ကျောက်စိမ်းလက်စွပ်တစ်ကွင်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၈၃၀၀၀၀ အခိုးခံရသဖြင့် ဒေါ်တင်လှဝင်းက တရားလိုပြုလုပ်၍ အမှတ် (၃) ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။ **(၁၁၁)**

ANA
FIRST CHOICE travel and tour
3000 USD
ဂျပန် ခရီးစဉ် (SD8N)
7 NIGHTS 14-MAY IN JAPAN 4★ HOTELS
01 MAY
01 MAY
29 APR
01 MAY
01 MAY
04 MAY
09 421069966 • 09 5171301 • 09 73059081

RUBY
519100
09-51-77312, 535100

09318815390/09318815395

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph: 209077, 209388, 09-73167000, 09-73168000

APR-17/25/30, MAY 2/9/12/16/23/30
Ph : 241663, 380141, 09-43043109

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်တည်ဆောက်မှုလုပ်ငန်းများ မကြာမီဖွင့်လှစ်တော့မည်

ရန်ကုန် ဧပြီ ၂၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဦးငွေးအောင်သည် ဧပြီ ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဗီယက်နမ်နိုင်ငံ HAGL Group မှ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုနှင့် ဆောင်ရွက်လျက်ရှိသော ဟိုတယ်စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အမီ ဟိုတယ်အခန်းများ ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Sedona ဟိုတယ်တိုးချဲ့စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖွင့်လှစ်ရန် အဆင်သင့်ဖြစ်နေသော အခန်း ၅၁၃ ခန်းပါ ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်နှင့် ပြည်လမ်းပေါ်တွင် တည်ဆောက်လျက်ရှိသော နိုဗိုတယ်(ရန်ကုန်) ဟိုတယ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရုံးခန်းတွင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အများပိုင်ကဏ္ဍ ဖော်ဆောင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေနုတ်မြောင်းများ အချိန်မီပြန်လည်ပြုလုပ်ပေးစေလို

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့တော် ရေကြီးရေလျှံမှု ကင်းဝေးစေရေးအတွက် နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ လုပ်ဆောင်နေကြောင်း၊ ရန်ကုန်မြို့တွင်း ရေမြောင်းများကို အကျယ် တစ်ပေခွဲအထိ တိုးချဲ့ပြုပြင်ဖောက်လုပ်နေကြောင်း၊ ရေစီးရေလာ ကောင်းမွန်လာရန်ဟု နိုင်ငံပိုင်သတင်းစာများတွင် ရေးသားထားသည်ကို ဖတ်ရှုရရာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလလယ်မှ ယနေ့အထိ လုပ်ဆောင်ဆဲဖြစ်သော မဟာဗန္ဓုလလမ်းမကြီးဘေးရှိ ရေနုတ်မြောင်း၏ အခြေအနေကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ အချိန်မီပြန်လည်ပြင်ဆင်မှသာ မိုးရာသီ ရေကြီးရေလျှံမှုမှ ကင်းဝေးနိုင်မည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူများက ဆိုသည်။

ပြည်သူအချို့၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့် မဟုတ်ဘဲ သတ်မှတ်အကျယ်ကို မြောင်းဖုံးအင်္ဂတေသားပေါ်တွင်သာ မြင်တွေ့ရပြီး အတွင်းတွင် မူလကိုးလက်မ၊ အချို့နေရာများတွင် ကိုးလက်မမျှပင် မရှိသည်ကို မြင်တွေ့နိုင်ကြောင်း၊

ပြုလုပ်ပြီး ရေမြောင်းအချို့ကို မြောင်းဖုံးပေါ်မှကြည့်လျှင် အကျယ် တစ်ပေခွဲရှိသယောင် ထင်ရကြောင်း၊ မြောင်းဖုံးဖွင့်ကြည့်ခြင်း၊ မဖုံးရသေးသောမြောင်းများ ကြည့်ရှုခြင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိုးမကျမီ လုပ်ငန်းလက်စမသတ်မီ ကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်းအတိုင်း ရေမြောင်းအကျယ် တစ်ပေခွဲထိ ပြင်ဆင်ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံဆောင်ရွက်နေသော ရန်ကုန်မြို့ ရေကြီးရေလျှံမှုကင်းဝေးရေးလုပ်ငန်းဆောင်ရွက်မှုများ ထိရောက်မှုရှိလာနိုင်ကြောင်း၊ ပြည်သူအချို့၏စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတစ်ခုတည်းသာမက ရေနုတ်မြောင်းများ၏ တည်ဆောက်မှု အတတ်ပညာသည်လည်း ရေကြီးရေလျှံမှုတွင် အဓိကအခန်းကဏ္ဍမှ အရေးပါကြောင်း၊ ဗားကရာချောက်အနိမ့်ပိုင်းတွင် မည်သည့်ကာလတွင်မျှ ရေကြီးရေလျှံမှုမရှိကြောင်း သိရသည်။

(မောင်စေအောင်)

ရေမြောင်းအဟောင်းမဖျက်ဘဲ အပေါ်ယံတွင် အကျယ်ချဲ့၍ ရေမြောင်းဖုံးပေါ်မှကြည့်လျှင် အကျယ်တစ်ပေဝန်းကျင်ရှိသည်ဟု တွေ့မြင်ရစဉ်။

ရေမြောင်း အဟောင်းမဖျက်ဘဲ အပေါ်ယံတွင် အကျယ်ချဲ့၍ ရေမြောင်း ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

အထက်ပိုင်းဒေသများ နေ့အပူချိန် အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဧပြီ ၂၀

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြိတ်မြို့တွင် သုည ဒသမ ၉၁ လက်မ၊ ပြင်ဦးလွင်မြို့တွင် သုည ဒသမ ၇၉ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်အနည်းငယ် တိုးလာနိုင်သည်။

အတွေးအရေး

မက်လုံး

“မင်းဒီနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်ရင် အဖေမင်းကို စက်ဘီးတစ်စီးကောင်းကောင်းဝယ်ပေးမယ်”ဟု ဆိုသော အဖေ၏မက်လုံးပြစကားကြောင့် စာမှန်မှန်ကျက်တဲ့ကလေးကိုတွေ့ဖူးသည်။ အဖေ၏မက်လုံးပြစကားကြောင့် သားဖြစ်သူမှာ အားဖြစ်ပြီး ကြိုးစားခြင်းဟုဆိုရပါမည်။ တစ်ချိန်က ဂိမ်းဆိုင်မှမထသော ကလေးသည် သူ့အဖေစကားကြောင့် ဂိမ်းကစားမည့်အချိန်တွင် ကျောင်းစာမှန်မှန်လုပ်၍ အောင်သွားပြီး စက်ဘီးဝယ်ပေးခဲ့ရသော ဖခင်တစ်ဦးကိုလည်း တွေ့ခဲ့ဖူးပါသည်။

“ငါ့တူမ ဒီနှစ်ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့အောင်ခဲ့ရင် ဦးလေးဆေးကျောင်းထားပေးမယ်” လို့ ဦးလေး၏မက်လုံးပြစကားကြောင့် ငါးဘာသာဂုဏ်ထူးနှင့် အောင်ခဲ့သော မဝိုင်းချစ်တစ်ယောက်ကိုလည်း တွေ့ခဲ့ဖူးပါသည်။ မဝိုင်းချစ်သည် နံနက်ဘက်သူ၏အမေနှင့်အတူ ရပ်ကွက်အတွင်း တစ်လမ်းဝင်တစ်လမ်းထွက် ကုန်စိမ်းလိုက်ရောင်းပြီး ကျူရှင်မယူပါသော်လည်း မှန်မှန်စာရေးပြီးကျက်၍ဖြေဆိုခဲ့ရာ ငါးဘာသာဂုဏ်ထူးရသည့်အတွက် ၎င်းတို့နေသော ရပ်ကွက်တွင်းမှ ရပ်မိရပ်ဖများသည် ရပ်ကွက်တွင်း သဒ္ဒါကြေးလိုက်ကောက်ပြီး ငွေဆယ်သိန်းကျော်နှင့် ဂုဏ်ပြုခံရသူဖြစ်သည်။

မဝိုင်းချစ်၏အောင်မြင်မှုသည် ၎င်းအတွက်သာမက သူ့အမေ၏ဘဝကိုပင် ပြောင်းလဲသွားစေပါသည်။ အဘယ်ကြောင့်ဆိုသော် မဝိုင်းချစ်အမေမှာ အစ်ကိုတစ်ယောက်ရှိပြီး ငွေကြေးချမ်းသာသူဖြစ်သည်။ ညီမဖြစ်သူမှာ သူမကြိုက်သည့်သူနှင့် ခိုးရာလိုက်ပြေးခဲ့မှုကြောင့် လုံးဝပစ်ထားခဲ့ပါသည်။ မဝိုင်းချစ်အမေမှာ နယ်တွင်အိမ်စုတ်ကလေးနှင့်နေပြီး ကုန်စိမ်းရောင်းကာ ဆင်းဆင်းရဲရဲနေရသူဖြစ်သည်။ မဝိုင်းချစ်ဆယ်တန်းကို ထူးထူးချွန်ချွန် အောင်မြင်သည်ဟုကြား၍ လာပြီးညီမ၏မိသားစုကို ရန်ကုန်သို့ခေါ်ကာ တိုက်နှင့်ထားသည်။ ယောက်ဖကိုလည်း အလုပ်ထဲထည့်ပြီး စောင့်ရှောက်ထားသည်ကိုတွေ့ရပါသည်။ ဤသို့မက်လုံးပြစကားကြောင့် ကြိုးစားသူများအဖို့ ထိရောက်သော လက်နက်တစ်ခုဖြစ်ကြောင်း အထင်းသားမြင်ရပါသည်။

သို့သော်--- အချို့သော မက်လုံးများ၏အကျိုးသက်ရောက်မှုမှာ လူအချို့ကို ထိခိုက်နေသည်ကိုလည်းတွေ့ရပြန်ပါသည်။ ပမာဆောင်သော် ဟိုး---တစ်ချိန်က အရက်ကြော်ငြာအချို့တွင် သူ၏အရက် (အဖျော်ယမကာ) ကို မသောက်သောက်အောင် မက်လုံးပေးကြော်ငြာကြသည့်အတွက် ကျွန်တော့်အိမ်နားက ချာတိတ်တစ်ယောက် နှစ်နှစ်လောက် ပေါက်လိုပေါက်ငြား ဆက်သောက်ခဲ့ရာ ဆေးရုံရောက်သွားသည်ကို တွေ့ရပါသည်။ စီးပွားရေးသမားအချို့သည် ၎င်းတို့ပစ္စည်းအား မသုံးသုံးချင်အောင် မက်လုံးပေးကြော်ငြာကြသည်မှာ သူ့အလုပ်သူ လုပ်ခြင်းဖြစ်သည့်အတွက် မပြောသာပါ။ သောက်သုံးသူတို့ကသာ ချင့်ချင့်ချိန်ချိန် သုံးဆောင်သင့်ပါသည်။

“ပြုံးတုံးတုံးနှင့် မြှုံးမိတဲ့ငါးပမာ”ဆိုသောစကားကို ကြားဖူးပါလိမ့်မည်။ မြှုံးထဲမိနေသော ငါးက ပြုံးနိုင်ပါ့မလားလို့ မေးဖွယ်ရာလည်းရှိပါသည်။ တံငါသည်သည် မြှုံးထဲတွင် အစာကို (မက်လုံးပြ) ထည့်၍ ငါးကို ဖမ်းယူရန် အကြံဖြင့် မြှုံးထောင်ခြင်းအမှုကိုပြုရာ ကိုရွှေငါးသည် တံငါသည်၏ မက်လုံးပေးဖြားယောင်းထားသည်ကို မသိရှာပါ။ အဆိုပါ အစာကိုစားလိုသော စိတ်ဖြင့် မြှုံးအတွင်းသို့ဝင်ခဲ့သည်။ မြှုံးအတွင်းအစာများကို အားရပါးရစားသုံး၏။ ထိုအခါ မြှုံးဘေးမှ အခြားငါးများလာရာတွင် မြှုံးအတွင်းမှ ငါးသည် ဒီအစာများကို သူတစ်ကောင်တည်းသာ စားရသည်ဟု မာန်နှင့် ပြုံးတုံးတုံးလုပ်ပြသည်။ ဤသည်ကို ပညာရှိတို့က ပြုံးတုံးတုံးနှင့် မြှုံးမိတဲ့ ငါးပမာလို့ မိမိကျရောက်လာမယ့် ဘေးကိုမသိ ပျော်သလိုနေသူများကို ဆုံးမစကားတစ်ခုအဖြစ် ထားခဲ့ခြင်းဖြစ်သည်။ အဆိုပါ မြှုံးအတွင်းမှ ပြုံးတုံးတုံးလုပ်နေသော ငါးသည် တံငါသည် မြှုံးလာဖော်၍ ၎င်းအား ခေါင်းထုမည်ကို မသိရှာဘဲပြုံးနိုင်ခြင်းဖြစ်သည်။

ယခုခေတ်မှာ မြှုံးထဲက ငါးတွေများနေသည်ဟု ထင်ပါသည်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးတို့သည်လည်း တောရောမြို့ပါ မြန်မာပြည်အနှံ့ ပျံ့နှံ့နေသည်မှာလည်း ခေတ်မီတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အဟန့်အတားများဖြစ်နေသည်ဟု မြင်ပါသည်။ လူငယ်လူရွယ်များသာမက လူကြီးသူမများအထိ အလောင်းအစား စိတ်ဓာတ်များ လွှမ်းမိုးနေခြင်းသည် ရင်လေးဖွယ်ဖြစ်ပါသည်။

ထို့ကြောင့် အချို့မက်လုံးကြော်ငြာများသည် အန္တရာယ်ကို ဖိတ်ခေါ်နေသည့် မက်လုံးများဖြစ်၍ သုံးဆောင်သူများကသာ ဆင်ခြင်သုံးဆောင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ။

သိဒ္ဓိမောင်ဒွေး

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

✻ ချင်းပြည်နယ်မှ

လွန်ခရမ်ဗင်ရေခဲတောင် (၁၀၃၂၂ ပေ)၊ ဖန်ဂရန်ရေခဲတောင်(၁၄၀၉၅ ပေ)၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ စာရာမေရိဆီးနှင်းတောင်(၁၂၅၃၃ ပေ)၊ အလောင်းတော်ကဿပ ခြေလျင်ခရီးကြမ်း၊ ချင်းပြည်နယ်တောင်ပိုင်းရှိ ဝိတိုရိယတောင် (ပေ ၁၀၅၀၀)၊ လုံတိန်းတောင် (၈၈၉၂ ပေ)၊ မောပိတောင်၊ ဘုံတလာရေတံခွန်၊ ရှမ်းပြည်နယ်ရှိ ဆင်တောင်(ပေ ၆၀၂၀)၊ မြင်းမထိတောင် (၅၈၆၂ ပေ)၊ အရှေ့မြင်အနောက်မြင်တောင် (၇၇၅၂ ပေ)၊ မဲနယ်တောင်(ပေ ၅၇၇၀)၊ ယစကြီးတောင် (ပေ ၆၃၆၀)၊ ကလော-အင်းလေး-ကက္ကူခြေလျင်ခရီးကြမ်း၊ ပြဒါးလင်းဂူ-ရွာငံခရီးကြမ်း၊ မွန်ပြည်နယ်ရှိ မြသပိတ်တောင်၊ ဝေပုလ္လ-ကေလာသ-ကေလာသဖခြေလျင်ခရီးကြမ်း၊ ကရင်ပြည်နယ်ရှိ ဖွဲ့ကပင်တောင် (ပေ ၂၇၀၀)၊ ရခိုင်ပြည်နယ် ငပလီ ခြေလျင်ခရီးကြမ်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ စပါးတောင်၊ တောမိုးတောင်၊ အနောက်မြင်းမိုရ်လက်ခတ်တောင်နှင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်ရှိ တောင်မဲတောင် (၇၅၅၄ ပေ)တို့ ဖြစ်ကြသည်။

ဧပြီ ၁၂ ရက်မှ ၂၂ ရက်အတွင်း တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း (အောက်မြန်မာပြည်)မှ ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းခရိုင် တီးတိန်မြို့နယ်ရှိ ကနေဒီတောင် (၈၈၆၈ ပေ)သို့ တက်ရောက်နေကြပြီဖြစ်ပါ သည်။

ချင်းပြည်နယ်သည် တောင်ထူထပ်သော ဒေသဖြစ်၍ မြေပြန့်လုံးဝမရှိသလောက်ရှားပါးပါသည်။ မြင့်မားသော တောင်တန်းတောင်စွယ်ကြီးများသည် မြောက်ဘက်မှတောင်ဘက်သို့ အထပ်ထပ်သွယ်တန်းလျက်ရှိပြီး တောင်တန်းများအကြားတွင် အလွန်ကျဉ်းမြောင်းသော ချောင်းများ၊ ချိုင့်ဝှမ်းများရှိနေကြပါသည်။ ဆောင်းရာသီတွင် အလွန်တရာ ချမ်းအေးပြီး နေ့ရောညပါ နှင်းများအုံ့ဆိုင်းမှုန်မှိုင်းလျက်ရှိပါသည်။ နွေရာသီတွင် နွေးရုံမျှသာအပူချိန်ရှိပြီး မိုးများစွာ ရွာသွန်းသောဒေသလည်းဖြစ်ပါသည်။

တီးတိန်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက်(၅၆၆၇)ပေရှိ တောင်တန်းပေါ်တွင် တည်ထားသောမြို့ဖြစ်ပြီး ချင်းပြည်နယ်တွင် ဧရိယာအကျယ်ဆုံးမြို့နယ်ဖြစ်ပါသည်။ ချင်းဘာသာစကား “တဲဒင်မ်”ကိုအသံထွက်မှန်အောင် မခေါ်နိုင်သဖြင့် တီးတိန်ဟုဖြစ်လာရခြင်းဖြစ်ပါသည်။ ချင်းဘာသာအရ “တဲ”မှာ အရောင်တောက်ခြင်း၊ “ဒင်မ်”မှာ ရေပြည့်ခြင်းဟုအဓိပ္ပာယ်ရပါသည်။ ရေပြည့်သောကန်မှ အရောင်တောက်သောနေရာဟု ဆိုလိုခြင်းဖြစ်ပါသည်။ ယခင် တီးတိန်မြို့နေရာတွင် ရေကန်တစ်ကန်ရှိခဲ့ပြီး အဝေးမှကြည့်လျှင် ယင်းရေကန်သည် နေရောင်အောက်၌ တလက်လက် တောက်ပြောင်နေသည်ကိုအစွဲပြု၍ အမည်ပေးခေါ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

ကနေဒီတောင်သို့ သွားတက်မည်ဆိုပါက ရန်ကုန်မှ ကလေးမြို့သို့ ကားဖြင့် သွားရပါမည်။ ကလေးမြို့နှင့် တီးတိန်မြို့အကြားတွင် ကနေဒီတောင်တည်ရှိပါသည်။ ကလေးမြို့နှင့် တီးတိန်မြို့မှာ ၅၇ မိုင်ကွာဝေးပါသည်။ ချင်းပြည်နယ်၏ ထင်ရှားသော တောင်တန်းများအနက် ချင်းတွင်းမြစ်နှင့် မဏိပူရမြစ်အကြားရှိ လေသာတောင်တန်းကြီး၏ အလယ်တွင် ကနေဒီတောင်(၈၈၆၈)ပေသည် မြင့်မားစွာတည်ရှိနေပါသည်။ ချင်းဘာသာစကားဖြင့် ကနေဒီတောင်ကို “ထွမ်ဗွမ်း”ဟု ခေါ်ပါသည်။ “ထွမ်”မှာ နှင်းဖြစ်၍ “ဗွမ်း”မှာ တောင်ထိပ်ဟုခေါ်သောကြောင့် “ထွမ်ဗွမ်း” ဆိုသည်မှာ နှင်းဖုံးလွှမ်းသော တောင်ထိပ်ဟု အဓိပ္ပာယ်ရပါသည်။ ကလေးမြို့မှ မိုင် ၃၀ ခန့်အကွာတွင် သိုင်းငင်းရွာတည်ရှိပါသည်။ ၎င်းရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ တွင်ရှိပြီး ဖလမ်း၊ ဟားခါး၊ တီးတိန်မြို့ သုံးမြို့မှလာလျှင် လမ်းဆုံရာဖြစ်ပါသည်။ ကလေး-သိုင်းငင်းရွာသွားသောလမ်းမှာ ကတ္တရာခင်းထားပြီး တောင်တက်လမ်းဖြစ်ပါသည်။ သိုင်းငင်းရွာရှိ ဈေးဆိုင်များ၏ အနောက်ဘက်တွင် လေသာဆောင်ကျယ်ကြီးများရှိပြီး ကလေးဒေသလွင်ပြင်ကျယ်ကို မျက်စိတစ်ဆုံးငေးမောကြည့်ရှုနိုင်ပါသည်။ သိုင်းငင်းရွာနှင့် တီးတိန်မြို့မှာ ၂၇ မိုင်ကွာဝေးပါသည်။ သိုင်းငင်းရွာနှင့် တီးတိန်မြို့အကြားတွင် ကနေဒီတောင်တည်ရှိခြင်းဖြစ်ပါသည်။ ကနေဒီတောင်တက်ပြီးအပြန်တွင် တီးတိန်မြို့၌ ညအိပ်ရပ်နားပါမည်။

တီးတိန်မြို့နှင့် မိုင် ၃၀ ခန့်အကွာတွင် ရိဒ်ခေါဒါရ်ရွာရှိပါသည်။ ရိဒ်ခေါဒါရ်ရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် (၂၆၅၀)ပေတွင်ရှိပြီး တောင်ပေါ်မြေပြန့်နေရာလေးဖြစ်ပါသည်။ ၎င်းရွာသည် ဟီယိုချောင်းကမ်းပါးဘေး၌ တည်ရှိပြီး တစ်ဖက်ကမ်းမှာ အိန္ဒိယပိုင်နယ်ဖြစ်ပါသည်။ ရိဒ်ခေါဒါရ်ရွာနှင့် အိန္ဒိယဘက်မှ ဇိုခွာသာရွာကို ဆက်ထားသော တံတားသည် နယ်စပ်တံတားပင်ဖြစ်သည်။ ဇိုခွာသာရွာသည် ချန်ဖိုင်းမြို့နယ် မီဇိုရမ်ပြည်နယ်တွင် ပါဝင်ပါသည်။ ရိဒ်ခေါဒါရ်ရွာသည် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပါသည်။ ရိဒ်ခေါဒါရ်ရွာ၏ အနောက်မြောက်ဘက်ရှိ ရေတိမ်ချောင်းကလေးကိုဖြတ်ပြီး တောင်ကုန်းလေးတစ်ခုကျော်လိုက်လျှင် တောင်ကုန်းပတ်လည်ကြား၌ အသည်းပုံရိဒ်ရေကန်ကို လှပစွာတွေ့မြင်ရပေမည်။ ကန်ပတ်လည်တွင် မိုးမခပင်များ ပေါက်ရောက်လျက်ရှိပါသည်။ ဒီဇင်ဘာလတတိယပတ်တွင် ရိဒ်ရေကန်၏ ရေသည် အရောင်ပြောင်း၍ ရေနောက်တတ်သည်ဟု ဆိုကြပါသည်။ ကန်၏ အနောက်မြောက်ဘက်မှ ကြည့်လျှင် ကန်၏ အလှပို၍ ပေါ်လွင်ပါသည်။ ချင်းပြည်နယ်တွင် အကြီးဆုံးသော ရေကန်ဖြစ်ပြီး အဝန်းပတ်လည် လေးမိုင်ခန့်ရှိပါသည်။

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း(အောက်မြန်မာပြည်)မှ သွားရောက်မည့်ကနေဒီတောင်တက်ခရီးစဉ်နှင့် ရိဒ်သို့ခြေလျင်ခရီးကြမ်းခရီးစဉ်တို့တွင် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ဘားအံတက္ကသိုလ်တို့မှ အုပ်ချုပ်သူဆရာ ဆရာမ ၁၅ ဦးနှင့် ကျောင်းသူကျောင်းသား ၈၅ ဦးတို့ လိုက်ပါကြမည်ဖြစ်ပါသည်။

ဤတောင်တက်ခရီးစဉ်များသည် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေး၊ ဒေသန္တရဗဟုသုတရရှိရေး၊ အများနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်နယ်/တိုင်းဒေသအသီးသီးမှ ကျောင်းသားကျောင်းသူများအကြား ချစ်ကြည်ရင်းနှီးမှုရရှိရေးတို့ကို ပေးစွမ်းနိုင်စေပါသည်။ ထို့အတူ ကျောင်းသူကျောင်းသားများနှင့် ဒေသခံတိုင်းရင်းသားတို့၏ ချစ်ကြည်ရင်းနှီးမှုကို ပေးနိုင်စွမ်းရှိသော ခရီးစဉ်လည်းဖြစ်ပါသည်။

ဤကဲ့သို့ အကျိုးများလှသည့် တောင်တက်ခရီးစဉ်များကို တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း (အောက်မြန်မာပြည်)မှ နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်၍ အောင်မြင်စွာ တက်ရောက်လျက်ရှိပါသည်။ ။

❖ ပြည်ပဈေးကွက်ဝင်မှ

ပြည်ပဈေးကွက်ဝင်ဖြစ်လာသဖြင့် တန်ဖိုးမြင့်ရေထွက်ကုန်ပစ္စည်းဖြစ်လာခဲ့သည်။ ကင်းပုစွန်တစ်ကောင်ကို ငွေကျပ်လေးငါးရာအထိ ဈေးပေးဝယ်ယူမှုရှိလာသဖြင့် ယခင်က စွန့်ပစ်နေကြသည့် ကင်းပုစွန်များအား ပင်လယ်ရေလုပ်ငန်းတွင် စိတ်ဝင်စားလာခဲ့ကြသည်။ ထို့ကြောင့် ပင်လယ်ရေလုပ်ငန်းများတွင် တစ်ကောင်စ၊ နှစ်ကောင်စ ဖမ်းဆီးရမိနေသည့် ကင်းပုစွန်များကို အများအပြား ဖမ်းဆီးရမိစေရန် တီထွင်ကြံဆလုပ်ကိုင်ခဲ့ကြသည်။ ဤတွင် ကင်းပုစွန်များကို အဓိကဖမ်းမိနိုင်သည့် ကင်းပိုက်လုပ်ငန်းများကို တီထွင်ကာ စီးပွားဖြစ် လုပ်ကိုင်လာခဲ့ကြသည်။ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် ကင်းပုစွန်သီးသန့်ဖမ်းယူသည့် ပင်လယ်ရေလုပ်ငန်းကို ကင်းပိုက်လုပ်ငန်းဟု ခေါ်သည်။

ယခုအခါ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် ကင်းပိုက်လုပ်ငန်းများကို အများအပြား လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။ အထူးသဖြင့် ဖျာပုံမြို့နယ် အေးကုန်း၊ အရှေ့စု၊ အနောက်စု၊ အောင်လှိုင်၊ နောက်မီးနှင့် အမာမြို့နယ် အရှေ့ဖျား၊ ဂယက်ကြီး စသည့်ကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသများတွင် အများအပြားလုပ်ကိုင်ဆောင်ရွက်နေကြသည်။ အရှေ့စု ကျေးရွာတစ်ရွာတည်းမှပင် ကင်းပိုက်စက်လှေအစင်းရေ ငါးရာခန့်ရှိကြောင်း ပြောသည်။ ထို့ကြောင့် ကမ်းခြေဒေသများတွင် ကင်းပုစွန်အဝယ်ဒိုင်လုပ်ငန်းများကိုလည်း တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။ သို့သော် ကင်းပုစွန်အဝယ်ဒိုင်လုပ်ငန်းမှာ ငွေရှိတိုင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်၍မရ။ ကင်းပုစွန်မှာ ပြည်ပဈေးကွက်ကိုသာ အားထားလုပ်ကိုင်နေရသည့်ရေထွက်ကုန်ပစ္စည်းဖြစ်သည်။ ပြည်ပပို့ကုန်လုပ်ငန်းကုမ္ပဏီများနှင့် အဆက်အသွယ်ရှိသူများသာ လုပ်ကိုင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ကမ်းခြေပင်ရင်းဒေသများတွင် ကင်းပုစွန်အဝယ်ဒိုင်လုပ်ငန်းများမှာ အခြားသောရေထွက်ကုန်ပစ္စည်း အဝယ်ဒိုင်များကဲ့သို့ များများစားစားမရှိ။ ဒေသတစ်ခုတွင် အဝယ်ဒိုင်တစ်ခုလောက်သာရှိသည်။ ရှိနေသည့် အဝယ်ဒိုင်များကလည်း

ကင်းပုစွန်များကို အဓိကဖမ်းယူသည့် ကင်းပိုက်စက်လှေများ။

ကင်းပုစွန်များစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ကင်းပိုက်လုပ်ငန်းပိုင်ရှင်တစ်ဦးလျှင် ငွေကျပ်သိန်းနှစ်ဆယ်ခန့် ကြိုတင်ငွေများထုတ်ပေးကာ ကင်းပုစွန်များကို ကြိုတင်ဝယ်ကြသည်။

ကင်းပုစွန်တွင် အစိမ်းနှင့်အနီဟူ၍ နှစ်မျိုးရှိရာ ယခုနှစ်ပင်ရင်းကမ်းခြေဈေးကွက်များတွင် ကင်းပုစွန်များကို ဝယ်ယူရာတွင် ကင်းပုစွန်အစိမ်းကို အထီး၊အမခွဲခြားဝယ်ယူပြီး အနီကိုမူ အထီး၊အမ မခွဲခြားဘဲ ဝယ်ယူကြသည်။ ကင်းပုစွန်များကို အထီး၊ အမခွဲခြားရာတွင် ကင်းပုစွန်၏ လက်ညှပ်ကို ကြည့်၍ ခွဲခြားသည်။ လက်ညှပ်တိုပြီး ဝနေလျှင် အမ၊ လက်ညှပ်ပိန်ပြီးရှည်နေလျှင် အထီးဖြစ်သည်။ ယခုနှစ် ကင်းပုစွန်ရာသီတွင် ကင်းပုစွန်အထီးစိမ်းတစ်ကောင် ကျပ် ၄၀၀၀၊ အမစိမ်းတစ်ကောင် ကျပ် ၆၀၀၀၊ ကင်းပုစွန်အနီ တစ်ကောင် ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ ဈေးနှုန်းများ ဝယ်ယူခဲ့ကြသည်။ ယခင်နှစ်လုပ်ငန်းရာသီတွင် အထီးစိမ်းတစ်ကောင် ကျပ် ၆၀၀၀၊ အမစိမ်းတစ်ကောင် ကျပ် ၈၀၀၀ နှင့် အနီတစ်ကောင် ကျပ် ၂၅၀၀ ဈေးနှုန်းများဖြင့် ဝယ်ယူခဲ့ကြသည်။ ယခုနှစ်ရာသီတွင် ယခင်နှစ်ကထက်ဈေးနှုန်းကျဆင်းခဲ့သော်လည်း ယခင်နှစ်ကထက် ပိုမိုဖမ်းဆီးမှုရှိပြီး ကင်းပုစွန်သေပျောက်နှုန်းနည်းပါးသဖြင့် ကင်းပိုက်လုပ်ငန်းမှာ တွက်ခြေကိုက်ကြောင်း သိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

❀ ဈေးချိုဟိုတယ်မှ

အဆိုပါ မီးလောင်မှုကြောင့် ဒုတိယထပ်ရှိ ပေ (၂၀×၃၅)အကျယ်ရှိ အခန်းနှင့် ဟိုတယ်မျက်နှာစာအပြင် WiFi Server စက်တစ်စုံ၊ ကွန်ပျူတာ ငါးလုံး၊ လက်နှိပ်စက်တစ်လုံး၊ အသားဗီရို နှစ်လုံး၊ ကွန်ပျူတာတင်စားပွဲ ကိုးလုံး၊ မီးခံသေတ္တာ နှစ်လုံး၊ လိုက်ကာနှစ်စုံ၊ ဗီရိုအတိုခြောက်လုံး၊ အဲကွန်း လေးလုံး၊ CCTV ကင်မရာ တစ်လုံး၊ အလူမီနီယံစားပွဲခုံ ၁၁ လုံး၊ သစ်သားထိုင်ခုံ ၁၅ လုံး၊ ဆုံလည် ဆိုဖာကုလားထိုင် ငါးလုံး၊ Set up transfer 10 KW တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း နှင့် ဟိုတယ်တွင် လာရောက်တည်းခိုနေသော ဧည့်သည် ဒေါ်နှင်းနှင်းလွင်၊ မောင်ထူးထက်ဦး၊ ကိုကျော်ခိုင်ဆွေ၊ ဒေါ်မြသိန်းနှင့် ဟိုတယ်ဝန်ထမ်း မနန်းမိုးဟိန်းတို့ အသက်ရှူကျပ်မှုဖြစ်ပွားခဲ့ပြီး ဟိုတယ်ဝန်ထမ်း ဒေါ်တင့်ဆွေမှာ ယာဘက်လက်မောင်းနာကျင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဟိုတယ် ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်သူရိန်(၄၀)နှစ်အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ

ကြေးမုံ စာအုပ်စင်

လက်တွေ့အသုံးချ လွယ်ကူလေ့လာ အင်္ဂလိပ်သဒ္ဒါ(အခြေခံ)

ဆရာဦးကျော်ဆွေပြုစုသော လက်တွေ့အသုံးချလွယ်ကူလေ့လာ အင်္ဂလိပ်သဒ္ဒါ(အခြေခံ) စာအုပ်ထွက်ရှိလာသည်။ သဒ္ဒါမတတ်လျှင် စာမတတ်ဟု ဆိုရိုးရှိသကဲ့သို့ သဒ္ဒါသည် စာပေတစ်ခုကို လေ့လာရာတွင် စာ၏ အုတ်မြစ်အခြေခံပင်ဖြစ်သည်။ အခြေခံကောင်းမှသာလျှင် အင်္ဂလိပ်စာပေ၊ အင်္ဂလိပ်စကားပြောကို ကောင်းမွန်စွာပြောဆိုနိုင်မည်။ ထိုစာအုပ်တွင် ကျောင်းသားလူငယ်များ၊ အင်္ဂလိပ်စာလေ့လာသူအားလုံး လွယ်ကူထိရောက်စေရန် အကောင်းဆုံးအရှင်းဆုံးပုံစံဖြင့် ဆရာလွတ်လေ့လာနိုင်ရန် စီစဉ်ထားသည်။ ဤစာအုပ်ကို မဇ္ဈိမစာပေ

အမှတ်(၂၃၇)ပထမထပ် (၃၉)လမ်း ကျောက်တံတားမြို့နယ်က တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

လွယ်ကူဖွေရှာ Website လိပ်စာများ

သန်းထိုက်(ရွှေရိပ်) ပြုစုသော လွယ်ကူဖွေရှာ Website လိပ်စာများ စာအုပ်ထွက်ရှိလာသည်။ ၂၀၁၄ ခုနှစ်အတွက် အသစ်ပြန်လည်ထုတ်ဝေထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွက် Update ဖြစ်သော Website များကို ပြန်လည်စိစစ်ပြီး ပြုစုထားသည်။ Website များထဲက အမြန်ဆုံးသိနိုင်ဖို့ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ အစိုးရသတင်းဆိုက်များ၊ စာပေ၊ သတင်း၊ Free Blog နည်းပညာ၊ သိပ္ပံနှင့် မိုဘိုင်းဆိုင်ရာများပါမကျန် ယနေ့ခေတ်စားနေသည့် ကားဈေးကွက်မှ အစ စုစည်းပေးထားသည်။ စာအုပ်

ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)ပထမထပ်(၃၉)လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅က တန်ဖိုးငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိသည်။

မိမိရေးခဲ့ဖူးသော လူငယ်ဝတ္ထုတိုများ

လူငယ်လူရွယ်များအတွက် အသိပညာပေးဝတ္ထုတိုများကို ရေနံမြေမောင်မောင်ကြည်က စာနယ်ဇင်းများတွင် ရေးသားဖော်ပြခဲ့ရာ ၎င်းဝတ္ထုတိုများကိုစုစည်း၍ ဝတ္ထုတိုပေါင်းချုပ်စာအုပ်အဖြစ် ထုတ်ဝေလိုက်သည်။

အဆိုပါစာအုပ်တွင် ရင်တွင်းဝေဒနာ ပုံရိပ်၊ လေထဲဆောက်တဲ့ချစ်စံအိမ်၊ နေခြည်သစ်၏အလှ၊ ဖိုးထော့မငိုတော့ပါ၊ ချိန်းတဲ့ညမှာ၊ ရင်မှစေတနာ၊ တန်ဆောင်မုန်း၏ညတစ်ည စသည့်ဝတ္ထုတိုများပါဝင်သည်။ ထိုစာအုပ်ကို ရန်ကုန်မြို့ အထက(၁)ရန်ကင်းကျောင်းရှေ့

ရန်အောင်စာပေက တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

လက်တွေ့အသုံးချ လုပ်ငန်းခွင်သုံးထိုင်းစကားပြော

အေခိုင်မြင့် ရေးသားသော လက်တွေ့အသုံးချလုပ်ငန်းခွင်သုံး ထိုင်းစကားပြောစာအုပ်ထွက်ရှိလာသည်။ ဤစာအုပ်တွင် အချင်းချင်းနှုတ်ဆက်ခြင်း၊ မိတ်ဆက်ခြင်း၊ လိပ်စာမေးခြင်း၊ ငွေရေးကြေးရေး၊ ဈေးဝယ်/ရောင်းခြင်း၊ အသုံးအဆောင်များ၊ စားသောက်ဆိုင်၊ တည်းခိုခန်း၊ ဆေးရုံ၊ ခရီးသွားလာခြင်း၊ အလုပ်အကိုင် စသည့် လုပ်ငန်းခွင်တွင် စကားပြောအဆင်ပြေအောင် စီဒီခွေနှင့်တကွ ထည့်သွင်းပေးထားသည်။ ပစ်တိုင်းထောင် စာပေအမှတ်(၃၆၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်း

မြို့နယ် ရန်ကုန် ဖုန်း-၀၉-၇၃၂၄၈၆၆၆ မှ ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

လူကုန်ကူးမှုအသိပညာ ကျေးရွာအချို့၌လိုအပ်နေဆဲ

နေပြည်တော် မေ ၂၀

လူသားတိုင်းသည် လွတ်လပ်စွာ သွားလာနေထိုင်ရသော ဘဝရပ်တည်မှုကိုသာ အလိုရှိကြသည်။ သို့သော်လည်း သူတစ်ပါး၏ အခွင့်အရေး၊ ခန္ဓာကိုယ်နှင့် ကုန်ထုတ်လုပ်အားတို့ကို တစ်စုံတစ်ရာဖြင့်အကျပ်ကိုင်ခြိမ်းခြောက်၍ ဘဝသေ၊ အသက်သေသည်အထိ ခြယ်လှယ်ယုတ်မာသော ငွေကြေးရှာသူများလည်း ရှိနေသည်။ အကျင့်ပျက်လောဘသမားများနှင့် လိင်မှုကိစ္စဖြင့် ငွေကြေးရှာသူစီးပွားရေးသမားများ ပေါင်းမိသောအခါ လူကုန်ကူးမှုဟူသော လူ့ယဉ်ကျေးမှုနှင့် မအပ်မရာသော လုပ်ငန်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။

နေ့စဉ်ထုတ်သတင်းစာများတွင် လူကုန်ကူးမှုနှင့် ပတ်သက်သော သတင်းများဖော်ပြပညာပေးလျက်ရှိသော်လည်း ကျေးလက်နေပြည်သူများအတွင်းမှ ဆင်းရဲချို့တဲ့သူ အမျိုးသမီးငယ်များမှာ လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်ဆဲ၊ မှုခင်းများပေါ်ပေါက်ဆဲပင်ဖြစ်သည်ကိုတွေ့ရသည်။ ဖြစ်စဉ်တစ်ခုတွင် ကျေးရွာမှ အမျိုးသမီးနှစ်ဦးကို တစ်ဖက်နိုင်ငံစက်ရုံတွင် အလုပ်ရမည်ဟု သွေးဆောင်၍ ငွေကြိုတင်ပေးကာ နေရာရွှေ့ပြောင်းသောအနေအထားအထိ ရောက်ရှိခဲ့သည်။ ကာယကံရှင်များက မသိနားမလည်သော်လည်း သိနားလည်သူ ရွာသူရွာသားများက ပြန်လည်ခေါ်ဆောင်ခဲ့ကြသည်။ လူကုန်ကူးမှုပြစ်မှုမြောက်စေသော အခြေခံအချက် သုံးချက်ရှိကြောင်း အကြမ်းအားဖြင့် နားလည်ထားရာသွေးဆောင်ဖြားယောင်းခြင်း၊ နေရာ ပြောင်းရွှေ့ခေါ်ဆောင်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် လိင်မှုကိစ္စများ ခိုင်းစေကျူးလွန် ခေါင်းပုံဖြတ်ခြင်းများဖြစ်သည်။ ပြစ်မှုကျူးလွန်သူများမှာ အဆင့်ဆင့် လက်လွှဲမျက်ခြည်ဖြတ်သယ်ဆောင်ကြရာ ၎င်းတို့ပြစ်မှုပေါ်ပေါက် အရေးယူခံရချိန်တွင် ခံစားရသော ကာကယံရှင်တို့မှာ ဘဝနှင့်ယှဉ်၍ နစ်နာခဲ့ပြီးဖြစ်သည်။

ကျေးလက်နေ နွမ်းပါးသူပြည်သူများအနက် အချို့မှာ စာမတတ်ခြင်းနှင့် ဗဟုသုတနည်းပါးခြင်းများရှိရာ ၎င်းတို့၏ အသိဉာဏ်ပညာ တိုးတက်စေရေးအတွက် စာတတ်မြောက်ရေးလှုပ်ရှားမှုများဖြင့် မြှင့်တင်ပေးသကဲ့သို့ ရုပ်သံနှင့် မီဒီယာများမှလည်း အသိပညာပေးမှု၊ ကျေးလက်အရောက်ဟောပြောမှု၊ သတိပေးမှုများကို အရှိန်အဟုန်မြှင့်တင်၍ ကျေးလက်အနှံ့ပြုလုပ်ပေးရန်အကွက်ချစီမံ၍ ခြေရာဖျောက် လုပ်ကိုင်တတ်ကြသော မသမာသူ လူကုန်ကူးသမားများကိုလည်း အားထုတ်မှုအဆင့်တိုင်းအတွက် ထိရောက်စွာ အရေးယူနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ဆောင်ရွက်နိုင်ရန် ကျေးလက်နေ သိနားလည်ပြည်သူများက လိုလားနေကြသည်။

(ဝဇီ)

■

ပြည်ကြီးတံခွန်မြို့နယ်၌ သက်ကြီးပူဇော်

မန္တလေး မေ ၂၀

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ကြီးမှူးကျင်းပသော ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို မေ ၂၀ ရက် နံနက် ၈ နာရီက ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး နိဗ္ဗာန်နသုခမျိုးသိမ်းအီလက်ထရောနစ် ဗိမာန်တော်ကြီး၌ ကျင်းပရာ မြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့်အထက် ကန်တော့ခံ သက်ကြီးဘိုးဘွား ၆၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှင့် ငွေကျပ် ၂၀၆၀၀ ကျပ် တန်ဖိုးရှိ အဝတ်အထည်များ၊ အိမ်သုံးဆေးဝါးများဖြင့် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ စေတနာရှင် အလှူရှင်များက ပေးအပ်ကန်တော့ကြရာ ကန်တော့ခံများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သခဲ့ ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

မွေးရပ်မြေအမှတ်(၁)
ဗန်းမော်ကျေးရွာ ချောင်းကူးတံတားဖွင့်

မော်လမြိုင်ကျွန်း မေ ၂၀

မော်လမြိုင်ကျွန်းမြို့နယ် ဗန်းမော်ကျေးရွာအုပ်စု ဗန်းမော်ကျေးရွာ မွေးရပ်မြေအမှတ်(၁) ချောင်းကူးတံတားဖွင့်ပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါတံတားထိပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်းနှင့် တံတားအလှူရှင်မိသားစုဝင်တစ်ဦးဖြစ်သူ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းဗန်းမော်ကျေးရွာ ချောင်းကူးတံတားကို ဗန်းမော်ကျေးရွာ ဇာတိဖွား ဦးစောမောင်-ဒေါ်တင်ကြည် မိသားစုက မွေးရပ်မြေဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကျပ် သိန်း ၆၀ ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ မွေးရပ်မြေအမှတ်(၁)ဗန်းမော်ကျေးရွာချောင်းကူးတံတားမှာ တံတားအရှည်ပေ ၄၀၊ တံတားအကျယ် ကိုးပေရှိပြီး အာရ်စီကွန်ကရစ်အမျိုးအစားဖြစ်ရာ ယခုကဲ့သို့ တံတားဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားပြီဖြစ်ကြောင်း သိရသည်။

(၃၆၄)

ချင်းတွင်းမြစ်အတွင်း၌ လူတစ်ဦးရေနစ်သေဆုံး

မင်းကင်း မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ချင်းတွင်းမြစ်ကမ်းနံဘေးရှိ ဆည်ချောင်းကျေးရွာ ရေချိုးဆိပ်၌ မေ ၁၅ ရက် မွန်းလွဲ ၁ နာရီခန့်က ကျောက်ခဲတက်ကျေးရွာနေ မောင်ပိုင်ဇော်ဦး(ခ)ပိုင်ပိုင်(၁၂)နှစ်သည် ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေနစ်သေဆုံးသူအား မင်းကင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် မြို့နယ်ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၂/၂၀၁၄) အရ အမှုဖွင့်ထားကြောင်း သိရသည်။

(ချင်းတွင်းသား)

နွေရာသီကျောင်းပိတ်ရက် ကွန်ပျူတာသင်တန်းဖွင့်

ခင်ဦး မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ အထက်တန်း ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့က ကြီးမှူးကျင်းပသော နွေရာသီကွန်ပျူတာအသုံးပြုမှု အခမဲ့သင်တန်းကို မေ ၂၀ ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ နွေရာသီကွန်ပျူတာအသုံးပြုမှု အခမဲ့သင်တန်းကို သင်တန်းသားကျောင်းသူ ဦးရေ ၄၀ခန့် တက်ရောက်သင်ယူလျက်ရှိကြောင်း၊ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့၏ အဖွဲ့ဝင် ဦးကျော်နိုင် (အထွေထွေမန်နေဂျာ၊ မန္တလေးလမ်းညွှန်)က သင်တန်း၏ရည်ရွယ်ချက်များနှင့် သိသင့်သိထိုက်သည်များနှင့် အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးစောအောင်က သြဝါဒအမှာစကားများ ပြောကြားကြသည်။ ယင်းသင်တန်းကို မေ ၂၀ ရက်မှ မေ ၂၀ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး မည်သူမဆို အခမဲ့သင်ယူနိုင်ကြောင်း သိရသည်။

သင်တန်းသားတစ်ဦး၏ မိဘတစ်ဦးက "ကောင်းပါတယ်။ ကြိုဆိုပါတယ်။ မိမိတို့ရဲ့ ရင်သွေးငယ်များ နွေရာသီကျောင်းပိတ်ထားတုန်းမှာ ဒီသင်တန်းအခမဲ့ဖွင့်လှစ်ပေးတဲ့အတွက် သင်တန်းကို တက်ခွင့်၊ ပညာသင်ယူခွင့်ရတာပေါ့။ အချိန်မဖြုန်းဘဲ နည်းပညာအသိပညာတစ်ခုရတာပေါ့။ ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

(ရောင်နီတင်ဝင်း)

ဟိုပင်၌ သက်ကြီးပူဇော်

ဟိုပင် မေ ၂၀

(၂၇)ကြိမ်မြောက် မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြန်မာသက္ကရာဇ် နှစ်ဆန်း ၁ ရက်က ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ အထက(၁) တေဇခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်လေးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်များက အသက် (၈၀) နှစ်နှင့်အထက် အဘိုးအဘွား ၂၀၃ ဦးအား မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပူဇော်ကန်တော့ကြကြောင်း သိရသည်။

ထို့ပြင် မြို့မမြောက်ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မူကြိုကျောင်း၌ နံနက် ၈ နာရီတွင် စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပရာ မြို့မမြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းဦးနှင့် အလှူရှင်များက လှူဒါန်းသော ငွေကျပ်သုံးသိန်းခန့်ကို အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွား ၁၈ ဦးအား ပူဇော်ကန်တော့ကြပြီး မိဘကျေးဇူး သိတတ်လိမ္မာသော မောင်ကျော်လှိုင်ဝင်းအား ဒေါ်စောဟုန်းက ငွေကျပ်သုံးသိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပြည်သူတို့၏ ရင်တွင်းစကားသံများ

ကျောင်းဖွင့်ချိန်တွင် ကျူရှင်ထားမည့်မိဘများ စဉ်းစားစေချင်

မကြာမီကာလတွင် နွေရာသီကျောင်းပိတ်ရက်ပြီးလို့ ကျောင်းဖွင့်ချိန်ကို ရောက်လာတော့မည်ဖြစ်ရာ မိဘများက သား သမီးများကို ပိုပြီးတော်စေချင်၊ တတ်စေချင်လို့ အပြင်ကျူရှင်တွေကို အားကိုးပြီး ထားတော့မယ်ဆိုရင် ကျွန်မလိုမဖြစ်စေချင်၊ မခံစားစေချင်လို့ ကျူရှင်ထားမှားဖို့ ကိုယ်ချင်းစာလို့ ရေးသားတင်ပြလိုက်ပါသည်။

ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး ပဲခူးမြစ်ကူးတံတားတစ်ဖက်ကမ်းမှ မြို့ငယ်ကလေးတစ်ခုက ကျောင်းသားမိဘ တစ်ဦးပေါ့ရှင်။ ကျွန်မတို့က ဇနီးမောင်နှံ နှစ်ဦး စီးပွားရှာနေရလို့ ကြော်ငြာကောင်းပြီး စိတ်ချရတဲ့ ကျူရှင်ဘော်ဒါကျောင်းတစ်ခုကို ယုံကြည်အားကိုးလို့ နဝမတန်းမှစ၍ ထားခဲ့ပြီး ဒသမတန်းကိုလည်း အဲဒီကျူရှင်မှာပဲ ညဘော်ဒါ ယုံကြည်အားကိုးလို့ ထားခဲ့ပါတယ်။ ဒါပေမယ့် ဒသမတန်း တစ်နှစ်ကျလို့(ဒုတိယနှစ်) ဒသမတန်းကိုလည်း ကျောင်းဝင်ကြေးများများပေးရပြီး အဲဒီကျူရှင်မှာပဲ ပြန်ထားခဲ့ပါတယ်။ ကြော်ငြာကလည်း ကောင်းတာကိုး၊ တော်တဲ့လူကို ဂုဏ်ထူးတွေထွက်ရမယ်။ ညံ့တဲ့လူတွေကို လက်တွဲခေါ်မယ်၊ Guide ဆရာမကလည်း အားကိုးရတယ်ဆိုပြီး ထားခဲ့ပါတယ်။ Guide တွေကလည်း ဆေးကျောင်းနဲ့ ရေကြောင်းသိပ္ပံက ဆရာ ဆရာမတွေ၊ Guide တွေကောင်းတယ်ဆိုတော့ အားကိုးမိတာပေါ့၊ တကယ်တော့ Guide ဆရာ ဆရာမကောင်းတွေက ကျောင်းဖွင့်ပြီး ကျူရှင်ဆရာ (ပိုင်ရှင်)နဲ့ စကားများလို့ ရှစ်ဦးတောင် ထွက်ကုန်ကျပြန်တယ်။ ပြန်ခေါ်ထားတဲ့ ဆရာ ဆရာမတွေလည်း ဝါရင့်တွေလည်းမဟုတ်၊ အသင်အပြကလည်း နားမလည်၊ ဒါပေမယ့် ဖြစ်အောင်လုပ်ပေးပါမယ်လို့ ကျောင်းသားတွေကို ကတိပေးလို့ အားကိုးမိပြန်ရော၊ တကယ်စာသင်တဲ့ ဆရာကြီး ဆရာမကြီးတွေက သူ့အချိန်နဲ့သူ စာသင်ပြီး ပြန်ကြတာပေါ့၊ တကယ်အနီးကပ် Revision ကလည်း Guide ဆရာ ဆရာမတွေကို အားကိုးလို့ နေခဲ့ရတာပေါ့။ ဒီလိုနဲ့ပဲ ကျွန်မကလေးက ဒသမတန်းဖြေဆိုဖို့ သုံးရက်အလိုမှာ လွယ်အိတ်ထဲမှာ ရည်းစားစာတွေ့လို့ဆိုပြီး ကျွန်မကို ညဘက်မှာ ခေါ်ပြီး ကလေးကို အိမ်မှာ ခေါ်ထားဖို့ပြောပြီး ပြန်အပ်လိုက်ပါတယ်။

ကလေးက စိတ်မကောင်းစွာနဲ့ စာမကျက်နိုင်၊ မိဘဖြစ်တဲ့ ကျွန်မလည်း မစားနိုင်၊ မအိပ်နိုင်ပေါ့။ အဲဒါကြောင့် သုံးနှစ်တောင်ထားခဲ့တဲ့ ကျူရှင်ပိုင်ရှင်ရဲ့ ဇနီး (လက်ရှိ အစိုးရကျောင်းက မူလတန်းကျောင်းဆရာမ)ကို တောင်းပန်ပြီး ကျွန်မကလေးကို စာသင်ခွင့် ညအိပ်ဘော်ဒါအဖြစ် ပြန်တက်ခွင့်ပေးဖို့ တောင်းပန်ပြီး ကျူရှင်ကို ပြန်လွှတ်ခဲ့ပါတယ်။ ဒါပေမယ့် မနက်ဖြန်စာမေးပွဲဖြေမယ့် ကလေး ည ၉ နာရီမှ ဘော်ဒါမှာ ညအိပ်လက်မခံကြောင်း ပြောပြီး ပိုင်ရှင်က ထပ်မံ မောင်းထုတ်ပြန်လွှတ်ခဲ့ပြန်တယ်။ ဒါကြောင့် ကျွန်မသားလည်း အရှက်ရ၊ ဝမ်းနည်းပြီး စိတ်ထိခိုက်စွာနဲ့ ပြန်လာခဲ့ရပါတယ်။

ဒါကြောင့် ကျူရှင်တွေ နာမည်ကြီးတယ်၊ ဆရာကောင်းတွေ Guide ဆရာ အကောင်းစားတွေဆိုပြီး ကြော်ငြာကောင်းတိုင်း လုံးဝယုံကြည်မထားသင့်ပါ။ အပြင် ကျူရှင်တွေမှာ တချို့ကျူရှင်ဆရာတွေက ငွေပဲ အဓိကထားသူရှိပါတယ်။ အောင်ချက်နှုန်းတွေ ကောင်းတယ်ဆိုပြီး ယုံကြည်အားကိုးပြီးမှ ညာတာစိတ်၊ အနစ်နာခံစိတ်မထားသူတွေလည်း ရှိပါတယ်။ သူ့ကျူရှင်ကျောင်းရဲ့ အောင်ချက်ရာခိုင်နှုန်းကိုသာ အဓိကထားပြီး စာမလိုက်နိုင်တဲ့ ကျောင်းသားဆိုရင်တော့ အောင်ချက်နှုန်းတွေ ကျမှာစိုးလို့ စည်းကမ်းတို့၊ အပြစ်တို့ကို ကိုင်ထားတတ်ပါတယ်။

နိုင်ငံတော်အစိုးရက ဖွင့်ထားတဲ့ ကျောင်းက ဆရာ ဆရာမတွေဆိုရင် ကျောင်းမလာနိုင်တဲ့ ကလေးတောင် အိမ်ကို အမှာစာတွေပေး၊ အတင်း ပြန်လိုက်ခေါ်တယ်လေ၊ တကယ့်ဆရာ ဆရာမအစစ်တွေကိုး၊ အခုအပြင်ကျူရှင်အချို့ကတော့ စေတနာမရှိ မေတ္တာမရှိ အနစ်နာခံခြင်းမရှိဘဲ ကိုယ်ကျိုးကိုသာကြည့်ပြီး စာမေးပွဲဖြေဖို့ တစ်ရက်အလိုတောင် မညှာပါဘူး။ အဲဒါကြောင့် ကျူရှင်တွေထားမယ်ဆိုရင် စုံစမ်း၊ မေးမြန်း၊ လေ့လာပြီး ယုံကြည်အားကိုးရတဲ့ ဆရာစိတ်ရှိတဲ့၊ စေတနာရှိတဲ့ ကျူရှင်တွေနဲ့ အစိုးရကျောင်းတွေမှာသာ အပ်နှံသင့်ကြောင်း ကျောင်းသားမိခင် တစ်ဦးရဲ့ ရင်တွင်းစကားသံကိုလည်း ဖော်ပြလိုက်ပါတယ်။

မိုးရွာတုန်းရေခံ

ကြေးမုံသတင်းစာတွင် "အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးဦးလေဦးကာလ နေအပူချိန်များ မြင့်တက်ရာမှ မိုးတိမ်များ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်" လို့ ဖတ်ရတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဖခင်ကြီးရဲ့စကားဖြစ်တဲ့ "မိုးရွာတုန်းရေခံပါလို့" အမြဲပြောတဲ့စကား ပြန်လည်ကြားယောင်မိပါတယ်။

လယ်သမားဖြစ်တဲ့ ဖခင်ကြီးမှာ အနောက်တောင်ဘက်က မိုးညိုလာတာနဲ့ ခမောက်ကို ဆောင်း၊ ဖက်ဆေးပေါ့လိပ်တစ်လိပ်ကို ကိုက်ပြီး ပေါက်ပြားကိုထမ်းကာ လယ်ကွင်းဘက်ကို ထွက်တော့တာပါ။

မိခင်က "အချိန်နှောင်းပြီကော" လို့ စိုးရိမ်စိတ်နဲ့ပြောရင် "မိုးရွာတုန်းရေခံမှ နှောင်ရေးစိတ်အေးရပေမပေါ့" လို့ အမြဲပြောပါတယ်။ မကြာမီ မိုးလာပါတော့မယ်။ ကျွန်တော်တို့ ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက်အတွင်းမှာ ဘောက်ထော်ချောင်း (သို့မဟုတ်) ခုနစ်ပင်လိမ်ချောင်းဆိုတာရှိပါတယ်။ မိုးတွင်းရောက်ပြီဆိုတာနဲ့ ရန်ကင်းလမ်းမကြီး (ယခု Golden City ဟိုတယ်ရှေ့လမ်းမ)ပေါ်သို့ ရေနှစ်ပေခန့်အထိတက်ပြီး ဒုက္ခပေးလေ့ရှိပါတယ်။ ချောင်းအတွင်းကို တိုက်တွေရဲ့နောက် မြေကွက်လပ်မှာ စိုက်ပျိုးရေးလုပ်သူတွေ ပစ်သော သစ်ကိုင်းနှင့် အမှိုက်များ၊ တိုက်များမှ စည်းကမ်းမဲ့ပစ်သော အမှိုက်များကြောင့် ယခုအခါ ချောင်းအတွင်း ဖော့ဘူးများ၊ သစ်ကိုင်းများ၊ ခြင်းတောင်းများနှင့် သစ်ပင်များ ပေါက်နေတဲ့အတွက် မိုးရွာတာနဲ့ မလွဲမသွေတံတားမှာ ပိတ်ဆို့ပြီး လမ်းပေါ်ရေလျှံတော့မှာပါ။

ရန်ကင်းလမ်းမကြီးပေါ်ရှိ တံတားက အဓိကပါ။ တံတားအဝင်မှာ မီးကြိုးနဲ့ ရေပိုက်ဖြတ်သန်းထားတော့ အတားအဆီး ဖြစ်နေတဲ့အပြင် တံတားရဲ့အောက်မှာ မီးရထားသံပေါင်နဲ့ ကန့်လန့်ထောက်ထားတဲ့ နေရာကလည်း အမှိုက်များကို တားဆီးထားတဲ့အတွက် ယင်းနေရာတွင် ယခုကာလမှာ ကြိုတင်မရှင်းလင်းရင် မိုးရွာတာနဲ့ လမ်းပေါ် ရေရောက်၊ တိုက်တွေထဲကို ရေဝင်မှာ မလွဲဖြစ်ပါတယ်။ ရေဝင်ရင် ပိုးကောင်၊ မွှားကောင်တွေ ပါတတ်ပါတယ်။

လှိုင်မြို့နယ် ပိတောက်ချောင်းအတွင်း အမှိုက်များကို ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့ ကြီးကြပ်ပြီး ဝန်ထမ်း ၈၁ ဦးဖြင့် စုပေါင်းဆောင်ရွက်တယ်ဆိုတာ တွေ့ရတော့ ကျွန်တော်တို့ ရန်ကင်းမြို့နယ်ရှိ ဘောက်ထော်ချောင်း (သို့မဟုတ်) ခုနစ်ပင်လိမ်ချောင်းကိုလည်း ရေစီးရေလာကောင်းအောင် ကြိုတင်ပြုလုပ်ပေးမယ့် အစီအမံကို ရပ်ကွက်သူ ရပ်ကွက်သားများ စောင့်မျှော်နေမည်ဖြစ်ပါကြောင်း ရန်ကင်းမြို့နယ်နေသူ တစ်ဦးက ရပ်ကွက်သူများကိုယ်စား ပြောကြားလာပါတယ်။ ■

သန်လျင်၌ ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် မေ ၂၀

သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်းအတိုင်း အရှေ့မှ အနောက်သို့ ယာဉ်မောင်းဖော်သိန်းမြင့် မောင်းနှင်လာသော ယာဉ်အမှတ် ၂ဂ/--- အဓိပတိယာဉ်လိုင်း(၁၇၃)အနီရောင်ယာဉ်သည် မေ ၂၀ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က သန်လျင်ပြည်သူ့ဆေးရုံကြီး အောက်ကွေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ ယာဉ်ကြောတူရှေ့မှ ကိုကျော်မိုး (၄၂)နှစ် ပိတုန်းစမ်ကျေးရွာ ဘုရားကုန်းကျေးရွာအုပ်စု သန်လျင်မြို့နယ်နေသူ မောင်းနှင်လာသော ၃၃ယ/--- JLM110 အနက်ရောင် ဆိုင်ကယ်၊ ယာဉ်မောင်း ကိုမြင့်အေး (၄၈)နှစ် မင်းရဲကျော်စွာလမ်း ပဲခူးစုရပ်ကွက်နေသူ မောင်းနှင်လာသော ၁၆ယ/---KENBO 125 အနက်ရောင်ဆိုင်ကယ်နှင့် လမ်းဘေးရှိ ဆက်သွယ်ရေးကွန်ကရစ်တိုင် နှစ်တိုင်တို့ကို ဝင်တိုက်မိရာ ယာဉ်ပေါ်ပါလာသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသားတစ်ဦးတို့ ဒဏ်ရာများ ရရှိကာ ယာဉ်မောင်းသူမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုအား ရဲအုပ်နေလင်းဦး အမှတ်(၄၅)ယာဉ်ထိန်းတပ်ဖွဲ့စုမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

သန်းဝင်း(သန်လျင်)

ဖရူဆို၌ မီးလောင်မှုဖြစ်ပွား

ဖရူဆို မေ ၂၀

ကယားပြည်နယ် ဖရူဆိုမြို့နယ် လောပိတရပ်ကွက်နေ ဦးထောအီ နေအိမ်တွင် မေ ၁၉ ရက် ည ၇ နာရီက မီးလောင်မှုတစ်ခုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၇ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပင့်ကူလူသားဇာတ်ကားများရိုက်ကူးရာတွင် ဖိအားမရှိကြောင်း ဖွင့်ဟလာသူ အန်ဒရူးဂါဖီး

ပင့်ကူလူသားဇာတ်ကားများတွင် စွမ်းအားရှင် ပင့်ကူလူသား ပီတာပါကာအဖြစ် ပင်တိုင်ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသား အန်ဒရူးဂါဖီးက ယခုလက်ရှိတွင် ကမ္ဘာအနှံ့အပြားရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသလျက်ရှိသည့် The Amazing Spider-Man 2 ဇာတ်ကားသစ်တွင်လည်း ပါဝင်ထားပြီး ယင်းပင့်ကူလူသားဇာတ်ကားများရိုက်ကူးရာတွင် မည်သည့်ဖိအားမျှမရှိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မကြာခင်က ထွက်ရှိခဲ့သည့် The Amazing Spider-Man 2 ဇာတ်ကားသစ်၏ဒါရိုက်တာ Marc Webb က ယင်းဇာတ်ကားကို ၂၀၁၂ က ထွက်ရှိခဲ့သည့်ဇာတ်ကားထက် ပိုမိုသောအောင်မြင်မှုများ မျှော်လင့်ထားသော်လည်း အန်ဒရူးဂါဖီးအနေဖြင့် ယင်းကဏ္ဍများကို ထည့်မစဉ်းစားထားကြောင်း ဖွင့်ဟခဲ့သည်။

"ကိုယ့်မှာရှိတဲ့အနုပညာနဲ့ ပရိသတ်ကိုအကောင်းဆုံးဖန်တီးပေးထားရင် ကျန်တဲ့အရာတွေအားလုံးက သူ့အလိုလိုနောက်ကလိုက်လာမှာပါ၊ ဒီဇာတ်ကားကို စတင်လက်ခံကတည်းက ဇာတ်လမ်းနဲ့ ဇာတ်ရုပ်ကိုပဲ အဓိကထားခဲ့တာပါ"ဟု အန်ဒရူးဂါဖီးက ပြောကြားခဲ့သည်။

မျိုးစန္ဒာဖောင် - စုစည်းသည်

ရောင်းအားကျဆင်းနေသည့် လေဒီဂါဂါ၏ ARTPOP

၂၀၁၃ ခုနှစ် နိုဝင်ဘာလက ထွက်ရှိခဲ့သည့် ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါ၏ တတိယမြောက်စတူဒီယို အယ်လ်ဘမ် ARTPOP သည် ယခုအခါ မထင်မှတ်ဘဲ ရောင်းအားကျဆင်းမှုနှင့်ကြုံတွေ့နေရချိန်တွင် အစစအရာရာရိုင်းပင်းကူညီပေးခဲ့သည့် တေးသံရှင်နှင့် မင်းသမီးတစ်ဦးဖြစ်သူ Lily Allen အား အထူးကျေးဇူးတင်ရှိပါကြောင်း လေဒီဂါဂါက ပြောကြားခဲ့သည်။

"အချင်းချင်းဒီလိုရိုင်းပင်းခဲ့တဲ့ Lily ရဲ့စိတ်ထားကို လေးစားမိပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ဂီတလောကသားအချင်းချင်း ဒီလိုရိုင်းပင်းကူညီရင်းနဲ့ကောင်းမွန်သောယှဉ်ပြိုင်ဘက်တွေလည်းဖြစ်လာ နိုင်ပါတယ်"ဟု လေဒီဂါဂါက ဆိုသည်။ ဆက်လက်ပြီး တေးသံရှင် Lily Allen က "လေဒီဂါဂါအနေနဲ့ စီးပွားရေးဆိုင်ရာ ရောင်းအားကျဆင်းမှု ဖြစ်နေလို့ ကူညီပေးခဲ့တာပါ၊ သူရဲ့အနုပညာကိုလည်းလေးစားပါတယ်၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုလို့ ခံယူပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

လေဒီဂါဂါ၏ အဆိုပါ ARTPOP အယ်လ်ဘမ်သည် စတင်ထွက်ရှိပြီး ပထမပတ်အတွင်းမှာပင် အချပ်ရေပေါင်း နှစ်သိန်းခွဲကျော်ရောင်းချခဲ့ရပြီး ၂၀၁၃ ခုနှစ်အတွင်း စတုတ္ထမြောက် တစ်ပတ်အတွင်းရောင်းအားအကောင်းဆုံးအနုပညာရှင်အဖြစ် ဂုဏ်ပြုခံခဲ့ရပြီး မကြာမီမှာပင် တဖြည်းဖြည်းရောင်းအားကျဆင်းလာမှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၄-၂၀၁၄ (တနင်္လာနေ့)

(၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၇)ရက်၊ အဖိတ်နေ့)

MRTV

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၆း၃၅ သံသာချိုအေးမင်္ဂလာတေး
၆း၄၅ "လေးဆူဓာတ်ပျော်ရွှေဆံတော်"
၇း၃၀ "မြန်မာ့လက်မှုအနုပညာသီရိ မြန်မာကြေးပန်းထိမ်လက်ရာ"
၈း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၅၀ "မနီပြိုးနိုင်ပြီ"(ကာတွန်း)
၁၁း၂၀ ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၂း၃၀ ဆေးရောင်စုံရုပ်ရှင် "ဓမ္မာ သောက အင်း၀ ရာဇာ" (လူမင်း၊ မိုးဒီ၊ နန္ဒာလှိုင်၊ချိုပြုံး) (ဒါရိုက်တာ - ကိုအောင်မင်းသိန်း)
၂း၄၀ "၂၀၁၄ ခုနှစ်၊ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှု"
၄း၁၅ အကပဒေသာ
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ

MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ "ချမ်းသာခြင်းလေးမျိုး" တရားတော် (ဆရာတော်ဘဒ္ဒန္တအဂ္ဂိသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၆၅)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (MMDC ပန်းချီစိုးမိုး စာပေဟောပြောပွဲ)
၁၁း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းမင်းသမီးရဲ့ သူရဲကောင်း" (အပိုင်း-၄)
၁၂း၂၅ ဘဝတစ်ကွေ့ (အပိုင်း-၂)
၃း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၆၅)
၂း၂၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၄၅ မြတ်ဗုဒ္ဓဒေသနာဖြန့်ဝေရာ ဓမ္မဒူတတောရ သာသနာ့ရိပ်သာ

MWD

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ယောဂ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ရွှေဟောင်းသုတ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ သူနှင့်သူ၏သီချင်းများ
၄း၀၅ တစ်ပတ်အတွင်း မွေးမြူရေးသတင်း
၄း၁၅ မျိုးချစ်တပ်မတော်
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၀၅ မြန်မာသကြန်
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲကချစ်ခြင်း" အပိုင်း(၃၃)

အားကစား

တန်းဆင်းဇုန်မှ ဆန်းဒါးလန်း ချယ်လ်ဆီးအား နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင် မော်ရင်ဟို၏ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်း ၇၈ ပွဲတွင် ပထမဆုံးရှုံးပွဲဖြစ်

စနေနေ့ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၅)၏ နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအောက်ဆုံးသို့ ရောက်ရှိနေသည့် ဆန်းဒါးလန်းအသင်းတို့၏ ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဖလားရရှိရေး ကြိုးပမ်းလျက်ရှိစဉ် ဆန်းဒါးလန်းအသင်းသည်လည်း တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ဆန်းဒါးလန်းအသင်းက နောက်ကျဂိုးဖြင့် ချယ်လ်ဆီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် ဝီလီယံ၊ အော်စကာ၊ အီတိုး၊ ရာမီရက်စ်၊ ဆာလာ၊ တယ်ရီ၊ ကာဟေးလ်၊ မာတစ်၊ အက်ပီလီကူတာ၊ အိုင်ဗန်နိုဗစ် စသည့်ကစားသမားများကို ပွဲထွက်ကစားစေခဲ့ပြီး ပွဲကစားချိန် ၁၂ မိနစ်တွင် တိုက်စစ်မှူးဆင်မြူရယ်အီတိုး၏ သွင်းဂိုးဖြင့် အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်တွင် ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ပွဲကစားချိန် ၁၈ မိနစ်တွင် ဆန်းဒါးလန်းတိုက်စစ်မှူးဝစ်ခမ်း၏ သွင်းဂိုးဖြင့် ဆန်းဒါးလန်းအသင်း ချေပဂိုးပြန်လည်ရရှိခဲ့ပြီး ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား အော်စကာနေရာတွင် တိုက်စစ်မှူးဒမ်ဘာဘာကိုလည်းကောင်း၊ ဆာလာနေရာတွင် တိုက်စစ်မှူး ရှာရယ်ကိုလည်းကောင်း၊ ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူးအီတိုးနေရာတွင် တိုက်စစ်မှူး တောရက်စ်ကိုလည်းကောင်း လူစားလဲမှုများပြုလုပ်ခဲ့သလို ဆန်းဒါးလန်းအသင်း အနေဖြင့်လည်း အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည့် ဝစ်ခမ်းနေရာတွင် အယ်လ်တီဒိုရီကိုလည်းကောင်း၊ အဒမ်ဂျွန်ဆင်နေရာတွင် ဂလာချီရီနီကိုလည်းကောင်း လူစားလဲမှုများပြုလုပ်ခဲ့ပြီးနောက် ပွဲကစားချိန် ၈၂ မိနစ်တွင် ဆန်းဒါးလန်းကစားသမား အယ်လ်တီဒိုရီ၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ချယ်လ်ဆီးနောက်ခံကစားသမား အက်ပီလီကူတာက ဂိုးမပေးရရေးအတွက် လိုက်လံဖျက်ထုတ်ရာမှ ကွင်းလယ်ဒိုင်က အက်ပီလီကူတာအနေဖြင့် ကြမ်းတမ်းစွာကစားခဲ့သည်ဟုဆိုကာ ဆန်းဒါးလန်းအသင်းအား ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ပေးခဲ့ရာ ယင်းပင်နယ်တီကို လီဗာပူးအသင်းမှ အငှားစာချုပ်ဖြင့် ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့လာသည့် တိုက်စစ်မှူးဘိုရီနီက ဂိုးအဖြစ်ပြောင်းလဲပေးခဲ့နိုင်ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

သို့ရာတွင် ချယ်လ်ဆီးအသင်းသည် ချေပဂိုးပြန်လည်သွင်းယူနိုင်ခြင်းမရှိဘဲ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်း အိမ်ကွင်းတွင် ရှုံးပွဲကြုံခဲ့ရပြီး နည်းပြမော်ရင်ဟို ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့သည့် အိမ်ကွင်းပွဲစဉ် ၇၈ ပွဲတွင် ပထမဆုံးရှုံးပွဲကြုံမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းအား နည်းပြမော်ရင်ဟိုကိုင်တွယ်ခဲ့သည့် အိမ်ကွင်းပွဲစဉ် ၇၇ ပွဲတွင် ၆၁ ပွဲနိုင်ပွဲရရှိခဲ့ပြီး ၁၆ ပွဲမှာ သရေရလဒ်ဆောင်ကြဉ်းထားနိုင်ခဲ့သည့် သမိုင်းတစ်ရပ်သည်လည်း ရပ်တန့်သွားခဲ့ရသည်။ ထို့ပြင် ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုနှင့် အသင်း၏ဘုတ်အဖွဲ့များသည် ဆန်းဒါးလန်းအသင်းအား အနိုင်ဂိုးပေးလိုက်ရသည့် ပင်နယ်တီပြစ်ဒဏ်ဘောနှင့်ပတ်သက်၍ ကွင်းလယ်ဒိုင်အား ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။

လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်အား ပေါင် သန်း ၉၀ ဖြင့် ရီးယဲလ်ခေါ်ယူမည်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာနေဗျူး၏ ဒုတိယအကြိမ်မြောက် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးကစားသမားအဖြစ် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းမှ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၉၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ပြင်ဆင်ထားခြင်းမှာ လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံး ပုံစံရရှိခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ် အသင်းနည်းပြကားလို့စ်အန်ဆယ်လော့တီအနေဖြင့် ငွေကြေးမြောက်မြားစွာ သုံးစွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆွာရတ်ဇ်သည် ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်၊ တိုက်စစ်မှူး စတားရစ်ချ်တို့၏ အကူအညီပေးမှုများနှင့်အတူ လီဗာပူးအသင်းအတွက် အကောင်းမွန်ဆုံးရလဒ်ရရှိအောင် ဆောင်ကြဉ်းထားနိုင်သည့် ကစားသမားလည်းဖြစ်သည်။ လက်ရှိတွင် ပရီမီယာလိဂ်ပွဲစဉ် ၂၉ ပွဲအထိ ပါဝင်ကစားပေးထားပြီးနောက် ၂၉ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။ ထို့ကြောင့် ရီးယဲလ်နည်းပြ အန်ဆယ်လော့တီသည် လက်ရှိအသင်းတွင် တောင်ပံနှစ်ဖက်၌ စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ရှိနေပြီး တိုက်စစ်သီးသန့်ကစားသမားအဖြစ် လီဗာပူးတိုက်စစ်မှူး ဆွာရတ်ဇ်အား ခေါ်ယူရန်ပစ်မှတ်ထားလာခြင်းဖြစ်သည်။

ငွေကြယ်

ဘီဘီစီ မြန်မာတီဗွီအစီအစဉ် လာပြီ။

ည ၈ : ၄၅ (တနင်္လာကနေ သောကြာအထိ) MNTV လိုင်းမှာ ရှိနေမယ်။

ကမ္ဘာအနှံ့မှာရှိတဲ့ ဘီဘီစီသတင်းထောက်တွေဆီက နောက်ဆုံးရ သတင်းတွေ၊
နည်းပညာသစ်တွေ၊ အားကစားနဲ့ ဖျော်ဖြေရေး စတဲ့ သတင်းတွေကို တင်ဆက်ပေးနေပါတယ်။

mntv

BBC မြန်မာပိုင်းအစီအစဉ်

LIVE THE STORY

bbcburmese.com

Myanmar MOBILE MONEY
anywhere
anytime
anyone
" နှစ်သစ်ကူးမင်္ဂလာဆုတောင်း "
မြန်မာသက္ကရာဇ် ၁၃၇၆ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ မြန်မာပြည်သူပြည်သားအပေါင်း
ကိုယ်စိတ်ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပြီး MYANMAR MOBILE MONEY
သုံးစွဲခြင်းဖြင့် ကောင်းကျိုးအနန္တများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အရည်အသွေးမြင့်မား တာယာမှာ
TRISTAR
" နှစ်သစ်ဆုမွန်လွှာ "
မြန်မာ့ရိုးရာနှစ်သစ်ကူး အခါသမယတွင်
ပြည်သူပြည်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ရှိပါစေကြောင်းနှင့်
စီးပွားလာဘ်လာဘများ တိုးတက်အောင်မြင်၍ TRISTAR တာယာနှင့်အတူ
လိုရာခရီးကိုချောမွေ့စွာပြီးမြောက်နိုင်ပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး
"နှစ်သစ်ကူးမင်္ဂလာ ဆုမွန်လွှာ"
ရွှေဖီဦး
3 in 1 Instant Tea Mix
မြန်မာသက္ကရာဇ် ၁၃၇၆ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယတွင်
ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများအားလုံး ရွှေဖီဦးအသင့်ဖျော်လက်ဖက်ရည်ကို
နှစ်ခြိုက်စွာအားပေးသောက်သုံးခြင်းဖြင့် စိတ်ချမ်းသာကိုယ်ကျန်းမာရှိပါစေကြောင်းနှင့်
ကြီးပွားတိုးတက်အောင်မြင်၍ လိုအင်ဆန္ဒပြည့်ဝကြပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာ့နှစ်သစ်ကူး ဆုမွန်လွှာ
DAGON
BEVERAGES
အစဉ်အမြဲအားပေးခဲ့ကြသော မိတ်ဟောင်းမိတ်သစ်များ နှင့်
မြန်မာပြည်သူပြည်သားအပေါင်းတို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး
ယခုနှစ်မင်္ဂလာနှစ်ဦးမှသည် နှစ်ပေါင်းများစွာ စီးပွားလာဘ်လာဘများဖွံ့ဖြိုးတိုးတက် အောင်မြင်ပါစေကြောင်းနှင့်
ဒုံနှင့်အတူဂုဏ်ယူနိုင်ပါစေကြောင်း၊ မင်္ဂလာနှစ်သစ် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ထန်းလျက်ဈေးနှုန်း ယခင်နှစ်ကထက် တစ်ဆခန့်မြင့်တက်လာသဖြင့် ထန်းတောင်သူများအဆင်ပြေနိုင်ဟု ခန့်မှန်း

ထန်းလျက်ချက်ရန် ထန်းရည်များကို စတင်ကျိုချက်နေစဉ်။

နွားထိုးကြီး၊ မေ ၂၀

ထန်းလျက်ဈေးနှုန်းများ ကျဆင်းနေသဖြင့် အထက်အညာဒေသရှိ ထန်းတောင်သူများမှာ နှစ်စဉ်နှစ်တိုင်းလိုလို တွက်ခြေမကိုက်ဖြစ် နေခဲ့ကြရာမှ ယခုနှစ်တွင်ထန်းလျက်ဈေးနှုန်းများမှာ မနှစ်ကထက်တစ်ဆနီးပါးခုန်တက်လာသဖြင့် ထန်းတောင်သူများအနေဖြင့် ယခုနှစ်တွင် အဆင်ပြေ တွက်ခြေကိုက်နိုင်ကြောင်း နွားထိုးကြီးမြို့နယ်၊ လုံးတောကျေးရွာအရှေ့ပိုင်းနေထန်းတောင်သူတို့၏ ပြောပြချက်အရ သိရသည်။

"တွက်ခြေမကိုက်လို့ ထန်းတောတွေက ထန်းလျက်မထုတ်တာကြာပြီ။ ထန်းတောတွေကို ဒီအတိုင်းထားပြီးပဲ၊နှမ်းကိုသာ အားထားလုပ်နေတယ်။ ဒီနှစ်တော့ ထန်းလျက်ဈေးက ခုန်တက်လာတယ်။ နိုင်ငံခြားတိုင်းပြည်နှစ်ခုက ဝယ်တယ်လို့လည်းကြားနေရတယ်။ ဘယ်နိုင်ငံတွေက ဝယ်တာလဲတော့မသိဘူး။ နိုင်ငံခြားကဝယ်လို့ ဈေးခုန်တက်လာတာ ဖြစ်နိုင်တယ်။ အခုဈေး ခုန်တက်လာတယ် ဆိုပေမယ့်လည်း စိတ်မချရသေးဘူး။ ဒါကြောင့် ဒီနှစ်လည်း ကျွန်တော်ထန်းပင်တွေက ထန်းလျက်မထုတ်သေးဘူး။ လောလောဆယ်တော့ ထန်းပင်တွေက အလကား၊ တန်ဖိုးမဲ့ဖြစ်နေတာပေါ့။ လက်ရှိ ကျွန်တော်တို့အညာသူ၊အညာသားတွေကို ပဲနဲ့နှမ်းက ကယ်နေတာ၊ ထန်းလျက်က လုံးဝကိုအားကိုးလို့မရဘူး။ နိုင်ငံတော်အနေနှင့် ထန်းလျက်ကို ပဲတို့နှမ်းတို့လိုနိုင်ငံတကာဈေးကွက်ဝင်အောင် လုပ်ပေးနိုင်ရင်တော့ ကျွန်တော်တို့ ထန်းပင်တွေပြန်ပြီး တန်ဖိုးရှိလာနိုင်တာပေါ့။ လက်ရှိအတိုင်းသာဆိုရင် အညာရဲ့ ပုံရိပ်ဖြစ်တဲ့ ထန်းတောတွေကို အိမ်ဆောက်ဖို့ ခုတ်ပစ်တာနဲ့ မကြာခင်ပျောက်ကွယ်သွားမလားမသိဘူး"ဟု ထန်းဂွမြောက်ရွာမှ ထန်းတောပိုင်ရှင် ဦးကြည်ဝင်းက ပြောသည်။

နွားထိုးကြီးမြို့နယ်၊ ထန်းဂွ၊ ပဲချက်၊ ကျွန်းဒေါင့်၊ မြဝတီ၊ ဖက်ခူး၊ လုံးတော၊ သန်းပင်တော စသည့်ကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသများတွင် ထန်းတောနှင့် တောင်သူလုပ်ငန်းများကို အဓိကလုပ်ကိုင်သည့် နေရာဒေသများဖြစ်သည်။ သို့သော် ထန်းလျက်ဈေးနှုန်းများ ကျဆင်းကာ ထန်းတက်လုပ်သားလုပ်အားခဈေးနှုန်းများ မြင့်တက်လာသည့်အပြင် ထန်းထွက်နှုန်းလည်း မကောင်းသဖြင့် လွန်ခဲ့သောနှစ်များမှစ၍ တွက်ခြေမကိုက်ဖြစ်နေခဲ့ကြရသည်။ သို့သော်လွန်ခဲ့သည့် ထန်းလျက်ရာသီတွင် တစ်ပိဿာ ကျပ် ၅၀၀ မှ ကျပ် ၆၀၀ အထိဈေးနှုန်းများ ပြန်လည်ရရှိလာခဲ့သည်။ ယခုနှစ် ထန်းလျက်ရာသီ စတင်လုပ်ကိုင်သည့် ဖေဖော်ဝါရီဈေးကွက်ဖွင့်ချိန်တွင် ထန်းလျက် တစ်ပိဿာ ကျပ် ၈၀၀ နှုန်းဖြင့် ဈေးကွက်ဖွင့် ဝယ်ယူခဲ့ပြီး တဖြည်းဖြည်း ဈေးနှုန်းမြင့်တက်လာခဲ့ရာလက်ရှိတွင်တစ်ပိဿာ ကျပ် ၉၀၀ ကျော်အထိ ဈေးနှုန်းမြင့်တက်လာသဖြင့် ထန်းတောင်သူများအနေနှင့် ယခုနှစ်တွင် အဆင်ပြေလာနိုင်ကြောင်း နွားထိုးကြီးမြို့နယ် ထန်းလျက်ကုန်သည်များထံမှ သိရသည်။

လက်ရှိ ထန်းတောဒေသပင်ရင်းဈေးကွက်များတွင် ထန်းလျှက် အဖြူ (ဆေးခတ်စားထန်းလျက်) တစ်ပိဿာ ကျပ် ၉၀၀၊ ထန်းလျှက်အနီ (မုန့်လုပ်ထန်းလျက်) တစ်ပိဿာ ကျပ် ၈၅၀ ပေါက်ဈေး ရရှိသည်။ အဆိုပါ ထန်းလျှက်များကို ကုန်သည်များက ဝယ်ယူကာ မြင်းခြံမြို့ ထန်းလျက်ဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ မြင်းခြံမြို့ ဈေးကွက်တွင်ထန်းလျှက် အဖြူ (ဆေးခတ်စားထန်းလျက်) တစ်ပိဿာ ၉၇၅ ကျပ်၊ ထန်းလျက်အနီ(မုန့်လုပ်ထန်းလျက်)တစ်ပိဿာ ၉၂၅ ကျပ် ပေါက်ဈေးရရှိသည်။ထို့ကြောင့် ယခုနှစ်ထန်းလျက်ဈေးနှုန်းများမှာ ယခင်နှစ်ပေါက်ဈေးများထက် တစ်ဆခန့် ဈေးနှုန်းခုန်တက်လာသဖြင့် နှစ်စဉ်နှစ်တိုင်း အရှုံးနှင့်သာ နှစ်ပါးသွားနေရသည့် အထက်အညာ ထန်းတောဒေသထန်းလျက်ထုတ်လုပ်သူများမှာ ယခုနှစ်တွင် အဆင်ပြေလာနိုင်ကြောင်း သိရသည်။ **မင်းသစ္စာလှိုင်(ကဒုံကနိ)**

သတင်းတို

လုပ်ငန်းလိုင်စင်သက်တမ်းတိုးပေးဆောင်ရန် အသိပေး

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ လုပ်ငန်းလိုင်စင်ရယူထားသော လုပ်ငန်းရှင်များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းကို ၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက် နောက်ဆုံးထား၍ ပေးဆောင်ကြရန် အကြောင်းကြားစာများ ပေးဝေလျက်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရှင်များထံသို့ အကြောင်းကြားစာများ မရရှိပါကလည်း အချိန်မီပေးသွင်းရေး အသိပေးထားသည်။ ဇွန် ၂၆ ရက်အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးပေးသွင်းခြင်းမရှိဘဲ လုပ်ငန်းလုပ်ကိုင်လျက်ရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တည်ဆဲဥပဒေအရ ပထမအကြိမ် ဒဏ်ကြေးငွေကျပ် ၃၀၀၀၀၊ ဒုတိယအကြိမ်ဖြစ်ပါက ဒဏ်ကြေးငွေ ကျပ် ၅၀၀၀၀ နှင့် လုပ်ငန်းရပ်ဆိုင်းခြင်း၊ တတိယအကြိမ်ဖြစ်ပါက တရားစွဲဆို၍ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။ **မောင်ပြည်သူ(မန္တလေး)**

ဧရာဝတီတိုင်းဒေသကြီးအတွင်းလျှပ်စစ်ဓါတ်အားပိုမိုသုံးစွဲနိုင်ရန် ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဝန်ထမ်းများ လုပ်ငန်းခွင်အလိုက်အပူတပြင်းဆောင်ရွက်

ပုသိမ် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၂) နယ်မြေ မြတ်တိုလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဓာတ်အားခွဲရုံအခြေပြု၍ ပုသိမ်မြို့နှင့် သဘော်ကျင်း၊ ရွှေမြင်တင်အထပ်သားစက်ရုံ၊ယုဇနအအေးခန်းစက်ရုံ ကန်ကြီးထောင့်မြို့နယ် ဒါးကမြို့ ပုသိမ်တက္ကသိုလ်၊ ကောလိပ်များနှင့်ဓာတ်အားသုံးစွဲသူ ပြည်သူအများပိုမိုသုံးစွဲနိုင်ရန် ၂၀၁၄ မေ ၁၁ ရက် နံနက် ၈ နာရီက တိုင်းလျှပ်စစ်အင်ဂျင်နီယာ/ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းထွေးအောင်ကြီးကြပ်စီမံမှုဖြင့် တိုးမြှင့်လက်ရှိသုံးစွဲနေသော ၆၆-၁၁ ကေဗွီ/၅ အမ်ဗွီအေ ထရန်စဖော်မာအစား ၆၆-၁၁ ကေဗွီအေ ထရန်စဖော်မာဖြင့် လျှပ်စစ်ဓါတ်အားပိုမိုအသုံးပြုနိုင်ရန် ပုသိမ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်ဇော်နှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာ၌ လျှပ်စစ်ဓာတ်အားအန္တရာယ်များပြားမှုကြားမှ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရခြင်းကြောင့် ရံဖန်ရံခါလျှပ်စစ်ဓာတ်အားဖြတ်တောက်ရခြင်းကိုလည်း နားလည်ခွင့်လွှတ်ကြစေလိုကြောင်း ကြိုတင်အသိပေးထားရှိကြောင်းသိရသည်။

မေ ၄ ရက်ကလည်း တိုင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနဓာတ်အားခွဲရုံ၌ မူလတပ်ဆင်ထားရှိသော ၆၆ -၁၁ ကေဗွီ/၁၀ အမ်ဗွီအေ ထရန်စဖော်မာအစား လျှပ်စစ်ဓာတ်အားဝန်ကြီးဌာနဘတ်ဂျက်သိန်းပေါင်း ၄၀၀၀ ကျော်ဖြင့် သုံးစွဲ၍ ၆၆-၁၁ ကေဗွီ/၂၀ အမ်ဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးတပ်ဆင်၍ ဓာတ်အားပို့လွှတ်နိုင်ရန် လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပုသိမ်မြို့နှင့် ရေကြည်ဦး၊ ရှမ်းရွာနှင့် ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်များမှ လျှပ်စစ်ဓာတ်အား အသုံးပြုပြည်သူများ လုပ်ငန်းရှင်များဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဓာတ် အားခွဲရုံသို့လည်း ၆၆-၁၁ ကေဗွီ/၅ အမ်ဗွီအေထရန်စဖော်မာတစ်လုံးတိုးမြှင့် တပ်ဆင်ပေးရန်လည်းရှိကြောင်း ပုသိမ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ က ပြောကြားသည်။ **(ပုသိမ်-လှကြည်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆရာရှင်မင်း (B.A)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဈေးကွက်ပိတ်သိမ်းချိန်အထိ ဈေးနှုန်းကောင်းခဲ့သည့် ပင်လယ်ငါးသလောက်ဈေးကွက်

ဖျာပုံမြို့ရှိ ဈေးကွက်တစ်ခုအတွင်းတွေ့ရသည့် ပင်လယ်ငါးသလောက်များ။

ဖျာပုံ၊ မေ ၂၀

ယခုအခါ ၂၀၁၃-၂၀၁၄ ပင်လယ်ရေလုပ်ငန်းရာသီမကုန်ဆုံးသော်လည်း ပင်လယ်ငါးသလောက် ရာသီကုန်ဆုံးသွားခဲ့ပြီဖြစ်သည်။ယခုနှစ် ပင်လယ်ရာသီတွင်ဈေးကွက် ပိတ်သိမ်းချိန်အထိ ငါးသလောက်ဈေးနှုန်းများ ကောင်းနေခဲ့ကြောင်း ဖျာပုံမြို့နယ်၊ အေးကုန်းကျေးရွာမှ ငါးသလောက်နှင့် ကင်းပုစွန်ပိုက် လုပ်ငန်းလုပ်ကိုင်သူကို ကျော်မင်းလွင်၏ ပြောပြမှုများအရသိရသည်။

လူတိုင်း နှစ်သက်စွာ စားသုံးနေကြသည့် ငါးသလောက်ငါးများမှာရေချိုငါးသလောက်နှင့် ပင်လယ်ငါးသလောက်ဟူ၍ နှစ်မျိုးရှိရာ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများနှင့် ပင်လယ်ပြင် နေရာဒေသများမှ ဖမ်းယူရမိသည့် ငါးသလောက်များကို ဈေးကွက်တွင် ပင်လယ်ငါးသလောက်ဟုခေါ်ကာ မြစ်ဝကျွန်းပေါ် အထက်ပိုင်းရေချိုဒေသများမှ ဖမ်းယူရမိသည့် ငါးသလောက်များကို ဈေးကွက်တွင် ရေချိုငါးသလောက်ဟုခေါ်သည်။ ပင်လယ်ငါးသလောက်များကို တစ်နှစ်ပတ်လုံး ဖမ်းဆီးရမိနေသော်လည်း နှစ်စဉ်မြန်မာလ၊ နတ်တော်လကုန်မှ တပေါင်းလကုန် တန်ခူးလဆန်းအထိ အချိန်ကာလများတွင်အများဆုံး ဖမ်းဆီးရမိလေ့ရှိသည်။ အဆိုပါ ရာသီကုန်ဆုံးသည်နှင့် ငါးသလောက်ငါးများကိုသာ အဓိကဖမ်းယူသည့် 'ငါးသလောက်ပိုက်'လုပ်ငန်းများစခန်းသိမ်း ရပ်နားသွားကြသည်။ ယခုအခါ ပင်လယ်ငါးသလောက်ရာသီ ကုန်ဆုံးသွားပြီဖြစ်သဖြင့် မြစ်ဝကျွန်းပေါ် ပင်လယ်ပြင်တွင် ပင်လယ်ငါးသလောက် ဖမ်းဆီးရမိမှုနည်းပါးလာပြီဖြစ်သည်။

ယခုနှစ် ပင်လယ်ငါးသလောက် ရာသီတွင် တစ်ရာသီလုံး ဈေးကောင်းရရှိနေပြီး ပင်လယ်ငါး အဝယ်ဒိုင်များက ငါးသလောက်တစ်ကောင်၏ အလေးချိန်ပေါ်မူတည်ကာ ဈေးနှုန်းခွဲခြားသတ်မှတ်ဝယ်ယူကြသည်။ ထိုသို့ ဝယ်ယူရာတွင် ငါးသလောက်တစ်ကောင်၏ အလေးချိန်တစ်ပိဿာနှင့် အထက်အရွယ်ရှိ ငါးသလောက်များကို တစ်ပိဿာငွေကျပ် ၁၀၀၀၀၊ အလေးချိန် ၇၅ ကျပ်သားမှ တစ်ပိဿာ အောက်အရွယ် တစ်ပိဿာ ကျပ် ၈၀၀၀၊ အလေးချိန် ၅၀ ကျပ်သားမှ ၇၅ ကျပ်သားအောက် အရွယ်တစ်ပိဿာ ကျပ် ၆၀၀၀ မှ ကျပ် ၆၅၀၀၊ အလေးချိန် ၃၅ ကျပ်သား မှ ၅၀ ကျပ်သားအောက်အရွယ်၊ တစ်ပိဿာ ကျပ် ၅၀၀၀ ဈေးနှုန်းများဖြင့် ဝယ်ယူနေကြပြီး အလေးချိန် ၃၅ ကျပ်သား အောက်အရွယ် ငါးသလောက်များကိုမူ ဝယ်ယူခြင်းမရှိဘဲ ဒေသတွင်ဈေးရုံဆိုင်ခန်းများတွင်သာ ဟင်းစားအဖြစ်ပြန်လည် ရောင်းချကြသည်။

ယခုနှစ် လုပ်ငန်းရာသီတွင် ပင်လယ်ငါးသလောက်များကိုသာ အဓိကဖမ်းယူသည့် ငါးသလောက်ပိုက် လုပ်ငန်းများကို မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေတစ်ခွင်လုံးတွင် လုပ်ကိုင်နေကြသော်လည်း အထူးသဖြင့် ဖျာပုံမြို့နယ် အေးကုန်း၊ အရှေ့စု၊ အနောက်စု၊ အောင်လှိုင်၊ ဂယက်ကြီး၊ အရှေ့ဖျား၊ နောက်မီး၊ အောင်လှိုင် ကျေးရွာများနှင့် ပတ်ဝန်းကျင် ကမ်းခြေဒေသများတွင် အများဆုံးလုပ်ကိုင်ဆောင်ရွက်နေကြကြောင်း သိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

သတင်းတိုများ

ရတနာပုံဈေးတွင် စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီး

မန္တလေးမြို့တော်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် စည်ပင်သာယာရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် မေ ၁၀ ရက်က ချမ်းအေးသာစံမြို့နယ် ရတနာပုံဈေး (၃၃)လမ်း၊ (၇၇)လမ်းနှင့်(၇၈)လမ်း တစ်လမ်းမောင်း ပြောင်းပြန်ဝင်ယာဉ် ၂၄ စီး၊ ၂၉ လမ်း၊ (၈၄) လမ်းထောင့် ရပ်တန့်ခရီးသည်တင်ပြေးဆွဲသော ကျောက်ဆည်-မန္တလေးပြေးယာဉ်ငယ်များ၊ (၃၆) လမ်း၊ (၇၉) လမ်းနှင့် လမ်း (၈၀) ကြားတွင် တစ်လမ်းမောင်း ပြောင်းပြန်ဝင် ယာဉ် ၃၆ စီးအား ဖမ်းဆီးခဲ့သည်။

မောင်ပြည်သူ(မန္တလေး)

သင်္ကြန်ကာလ အမှုပေါင်း ၆၃၄ မှု အရေးယူခဲ့

မဟာသင်္ကြန်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးတွင် ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ ၁၇၁ မှု၊ လက်နက်မှု ၃၂ မှု၊ ယစ်မျိုးမှု ၄၂၂ မှု၊ ကျင့် ၅၄ ခြောက်မှု၊ မူး/စိတ် နှစ်မှု၊ ပြည့်တန်ဆာတစ်မှုတို့ကို အရေးယူခဲ့သည်။ သင်္ကြန်နှင့် ဆက်နွှယ်မှုခင်းများတွင် ယာဉ်တိုက်မှုသုံးမှုတွင် ဒဏ်ရာရရှိသူ ၂၆ ဦး၊ ခိုက်ဖြစ်ပွားမှု ကိုးမှုတွင် ဒဏ်ရာရရှိသူ ၂၁ ဦး၊ ဝတ္ထုရားနှောင့်ယှက်မှုတွင် ဒဏ်ရာရရှိသူ တစ်ဦး၊ သေမှုသေခင်း သုံးခု၊ မူးယစ်ရမ်းကားမှု ခုနစ်မှု၊ အခြားမှု ၃၃ မှု စုစုပေါင်း ၅၇ မှုတွင် သေဆုံးသူတစ်ဦး၊ ဒဏ်ရာရသူ ၅၂ ဦးရှိခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ထင်းသုံးစွဲမှုလျှော့ချရေးအတွက် စွမ်းအားမြင့်မီးဖိုများသုံးစွဲနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

စစ်ကိုင်း၊ မေ ၂၀

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အပူပိုင်းမိုးနည်းရပ်ဝန်းခရိုင်များတွင် ထင်းလောင်စာသုံးစွဲမှုလျှော့ချရေးအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အေဝမ်းမီးဖို ၉၂၅၀ နှင့် ကလေးမြို့ လေသာမီးဖိုအလုံး ၇၅၀ ကို အခမဲ့ထောက်ပံ့နိုင်ခဲ့ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အေဝမ်းမီးဖို ၃၆၂၀ လုံးနှင့် သစ်တောဦးစီးဌာနမှ အေဝမ်းမီးဖို ၂၃၀၀ လုံး အခမဲ့ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

ထင်းလောင်စာသုံးစွဲမှုလျှော့ချရေးအတွက် သုံးသည့်စွမ်းအားမြင့်မီးဖို တစ်လုံးသည် တစ်နှစ်လျှင်ထင်းလောင်စာ တစ်တန်ခန့်သက်သာသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ထင်းလောင်စာ ၁၅၉၂၀ တန်လျှော့ချရေးစီစဉ်ဆောင်ရွက်ခဲ့ပြီး ၁၅၉၂၀ တန် ထင်းလျှော့နည်းမှုသည် စိုက်ခင်းဧက ၅၃၀၀ ဧက ထိန်းသိမ်းခြင်းနှင့် ညီမျှကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ ရေနံချက်ဖိုများထင်းလောင်စာသုံးစွဲမှုလျှော့ချ၍ ရေနံချီး လောင်စာတောင့်အသုံးပြုရန် ညွှန်ကြားဆောင်ရွက်ရေးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်က လမ်းညွှန်ခဲ့ရာ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဇန့်ကျီလောင်စာတောင့်စက်ရုံတို့ ပူးပေါင်း၍ စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မုံရွာခရိုင် ရေနံချက်ဖိုများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်စာရင်းကောက်ယူမှုအရ တစ်နှစ်လျှင် ထင်းတန် သုံးသောင်းခန့် အသုံးပြုခဲ့ကြောင်းနှင့် ရေနံဖိုမှ ရေနံချီးပိဿာ ၁၅ သိန်းခန့် ထွက်ရှိကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ရေနံချက်ဖိုများတွင် ထင်းလောင်စာသုံးစွဲမှု၏ ၄၀ ရာခိုင်နှုန်းဖြစ်သည့် ထင်းတန် ၁၂၀၀၀ ခန့် လျှော့ချသုံးစွဲရေး ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေနံချက်ဖို တစ်ဖိုတွင် ပီပါ ၅၀ ဝင်အားချက်ရာတွင် ထင်း ငါးတန်ကုန်ကျပြီး ရေနံချီး ၁၅၀ ပိဿာရရှိကာ အဆိုပါရေနံချီး ပိဿာ ၁၅၀ ကို လောင်စာတောင့်ပြုလုပ်ရာတွင် လောင်စာတောင့် ၆၀၀ ရရှိနိုင်ကြောင်း သိရသည်။ အဆိုပါလောင်စာတောင့် ၆၀၀ အား ရေနံချက်ဖိုတွင် ထင်းနှင့်ပူးတွဲအသုံးပြုလျှင် ထင်း ၄၀ ရာခိုင်နှုန်းခန့် သက်သာရာ ရေနံချက်ဖို ၄၀၀ မှ လစဉ် ထင်းသုံးစွဲမှုပျမ်းမျှထင်းတန် ၂၅၀၀ အားလောင်စာတောင့်ထုတ်လုပ်သုံးစွဲခြင်းဖြင့် ထင်းတန် ၁၀၀၀ လျှော့နည်းသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဇန့်ကျီလောင်စာတောင့်စက်ရုံမှလစဉ်ထွက်ရှိမည့် ရေနံချီးပျမ်းမျှ ပိသာ ၁၃၀၀၀ ကို စက်ရုံသို့သယ်၍ လောင်စာတောင့်ပြုလုပ်ဖြန့်ချီမည်ဖြစ်ရာ တစ်ရက်လျှင် လောင်စာတောင့် ရှစ်တောင့်ဖြင့် တစ်လလျှင် ၂၄၀၀၀၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အမည်ပြောင်းခြင်း

(L.L.B.)

ရောင်းမည်

Success Creator Services Co.,Ltd

မြေပဲအခွံနွှာခြင်းလုပ်ငန်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် လုပ်ကိုင်လျက်ရှိ

ကျောက်ပန်းတောင်း၊ မေ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများတွင်မျိုးဆန်အဖြစ် မြေပဲအခွံနွှာခြင်းလုပ်ငန်းကို အမျိုးသား၊ အမျိုးသမီးလူငယ်များသာမကဘဲ၊ သက်ကြီးရွယ်အို အမျိုးသမီးကြီးများပါ နေရိပ်ခိုအပန်းဖြေရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရသည့်လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၊ တလိုင်းကန်ကျေးရွာတွင် အသက် ၇၀၊ ၈၀ အရွယ် အဖွားအိုများစုဖွဲ့၍ မျိုးမြေပဲများအခွံနွှာခြင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိပြီး ယင်းတို့လုပ်ငန်းနှင့် ပတ်သက်၍ "အမေကြီးတို့က ရာသီဥတုပူလွန်းတော့ တစ်ရေးတစ်မောအိပ်ပြီး ဒီလိုပဲအရိပ်ကောင်းကောင်းထဲ ဝင်ပြီးတတ်နိုင်သလောက် လုပ်ကြတာပေါ့ကွယ်။ ဆီဖိုး၊ ဆားဖိုးလေး ရရ စကားတပြောပြောနဲ့လုပ်ကြတာပါပဲ"ဟု တလိုင်းကန်ကျေးရွာမှ အသက် ၇၀ရှိအဘွားအိုက ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ယမန်နှစ်မိုးဦးကာလ စိုက်ချိန် ပျိုးချိန်တွင် မျိုးမြေပဲအဆန်တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ကျော်ပေးရကြောင်း သိရပြီး နှမ်းမျိုးဈေးမှာ နှမ်းဖြူ(ဒေသအခေါ် ဘပန်မျိုး)မှာ တစ်တင်းလျှင် ကျပ် ၅၅၀၀၀ ခန့် ပေးဝယ်ရကြောင်း သိရသည်။ ဇကများသည့် တောင်သူကြီးများမှာ မိမိတို့စိုက်ပျိုးမည့် မျိုးစေ့၊ မျိုးဆံများကို မိမိတို့ကိုယ်တိုင် ကြိုတင်စုဆောင်းကြပြီး၊ မျိုးမြေပဲဆန် အခွံနွှာခြင်း လုပ်ငန်းကို လုပ်အားခအနေဖြင့် တစ်တင်းလျှင် ကျပ် ၈၀၀ ပေးရပြီး သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအတွက် နေရိပ်ခိုရင်း ဝင်ငွေရသည့်လုပ်ငန်းအဖြစ် လုပ်ကိုင်လျှက်ရှိကြောင်း သိရသည်။

မြန်မာတို့၏ နှစ်သစ်ကူး သင်္ကြန်ကာလပြီးဆုံးခဲ့ပြီဖြစ်၍ အညာဒေသတစ်ခွင်တွင် မိုးဦးရာသီအချိန်မီ စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်လျက်ရှိပြီး အချို့မှာ သင်္ကြန်မတိုင်မီကပင် ထယ်ရေးညက်အောင် ပြင်ဆင်ထားကြပြီး အချို့မှာလည်း မိုးတစ်ပြိုက်နှစ်ပြိုက်ကျမှသာ မြေအစိုဓာတ်ဖြင့် ထယ်ရေးညက်ညက် ထွန်ယက်နိုင်ရေး စောင့်ဆိုင်းလျက်ရှိကာ မျိုးစေ့၊ မျိုးဆန်များကိုမူ အချိန်ရလျှင်ရသလို သိုလှောင်သိမ်းဆည်းလျက်ရှိနေကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

မြေပဲအခွံနွှာနေသော သက်ကြီးရွယ်အို အမျိုးသမီးကြီးများအားတွေ့ရစဉ်။

ဘောလုံးအကယ်ဒမီ (မန္တလေး) ကျောင်းသား ကစားသမားများ ရွေးချယ်

မန္တလေး၊ မေ ၂၀

မြန်မာ ဘောလုံးအကယ်ဒမီ (မန္တလေး) ၂၀၁၄-၂၀၁၅ ပညာသင်နှစ် သင်တန်းသား လူငယ်အားကစားသမားများ ပထမဆင့်ရွေးချယ်ပွဲကို မေ ၂၆ မှ ၂၉ ရက်ထိ မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီ၊ ရန်ကုန်မြို့၌ သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁)၊ မကွေးမြို့၌ တိုင်းဒေသကြီး အားကစားကွင်း၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ်အားကစားကွင်း၊ နေပြည်တော်၌ ပေါင်းလောင်းအားကစားကွင်းတို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နည်းစနစ်များနှင့် နည်းပြများက ကြီးကြပ်ကာ ရွေးချယ်ပေးသွားမည်ဖြစ်သည်။

ကစားသမားများရွေးချယ်ပွဲတွင် ယူ-၁၂ မှ ယူ-၁၆ အထိ သက်တမ်းလိုက် အားကစားသမားများအား ရွေးချယ် သွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့နယ်၊ ရပ်ကွက်ကျေးရွာများမှ ကစားသမားများ ပါဝင်အရွေးခံစေလိုကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရခိုင်ပြည်နယ် ဂွမြို့နယ်အတွင်းရှိကမ်းနီးကမ်းဝေးရေလုပ်သားများအား သဘာဝငါးသယံဇာတ ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ပညာပေးမည်

ရန်ကုန်၊ မေ ၂၀

ရခိုင်ပြည်နယ် ဂွမြို့နယ်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေကြသော ကမ်းနီးကမ်းဝေး ရေလုပ်သားများအား ဒီရေတောနှင့် ခနိတောအတွင်းရှိ သဘာဝငါးသယံဇာတများ ပြုန်းတီးမှုမရှိဘဲ ရေရှည်တိုးပွားထိန်းသိမ်းနိုင်ရေးအတွက် ပညာပေးအစီအစဉ်များ ပြုလုပ်ရန် စီစဉ်နေကြောင်း ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (ဂွမြို့နယ်)မှ တာဝန်ရှိသူတစ်ဦး ပြောကြားချက်အရ သိရသည်။

"ဂွမြို့နယ်အတွင်းမှာဆောင်ရွက်မယ့် ဒီရေတောထိန်းသိမ်းရေးနဲ့ ငါးသယံဇာတတိုးပွားလာရေး ပညာပေးလုပ်ငန်းတွေကို ဘိုကလေးမြို့က အဏ္ဏဝါသိပ္ပံပညာရှင်၊ ဒီရေတောထိန်းသိမ်းရေးကွန်ယက်ဥက္ကဋ္ဌ ဦးဝင်းစိန်နိုင်ရဲ့ အကြံဉာဏ်၊အကူအညီတွေနဲ့ဆောင်ရွက်မှာပါ။ လက်ရှိမှာ ဒေသခံရေလုပ်သားတွေကိုလက်တွေ့ပညာပေးပြသနိုင်ဖို့စံပြရေသတ္တဝါမွေးမြူရေးပြကွက်သုံးခုလည်းရှိပါတယ်"ဟုဂွမြို့နယ်၊ရခိုင်ကမ်းရိုးတန်းဒေသသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း ဥက္ကဋ္ဌဒေါက်တာမောင်မောင်ကြည်ကဆိုသည်။

ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေကြသော ကမ်းနီးကမ်းဝေးရေလုပ်သားများအား အသိပညာပေးရန် ဂွမြို့နယ်ရှိရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းအနေဖြင့် ဂွမြို့နယ်၊ ကျောက်ကြီးကျေးရွာတွင် တစ်ဧကကျယ်ဝန်းသော ခရု၊ ကမာ၊ ဂုံးများမွေးမြူသည့် သဘာဝဒီရေတော၊ ကျိန်တလီမြို့နယ် အမှတ်(၁)ရက်ကွက်ရှိ တစ်ဧကကျယ်ဝန်းသော ရောင်းတန်းပယ်သော ကဏန်းပေါက်များအား အသားတိုးကဏန်းအဖြစ်မွေးမြူသည့် သဘာဝဒီရေတောနှင့် ဂွမြို့နယ်၊ ဆန္ဒားကျေးရွာရှိ ရေငန်ငါးမွေးမြူသည့်ကန်ဟူသည့် စံပြမွေးမြူရေးပြကွက် သုံးခုရှိကြောင်း သိရသည်။

"လက်ရှိစံပြမွေးမြူရေးပြကွက် သုံးခုက အသင်းဝင်တွေကို အပြန်အလှန်လေ့လာခိုင်းထားသလို ဂွမြို့နယ်တစ်မြို့လုံးမှာရှိတဲ့ ကျေးရွာအုပ်စု ၆၃ ခုထိက ဒီရေတောနဲ့ အနီးစပ်ဆုံးရှိတဲ့ ကျေးရွာ ၄၁ ရွာက ဒေသခံရေလုပ်သားတွေကိုပါ နောက်ပိုင်း ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ရှိသူတွေနဲ့ ပညာပေးလက်တွေ့ပြဖို့ စီစဉ်ထားပါတယ်။ နေရောင်ခြည်ရဲ့ အကူအညီ(Solar System)နဲ့ ငါးခြောက်လှန်းတာ၊ ငှက်ပျောသီးအခြောက်လှန်းတာကအစ ပါဝင်မှာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိရခိုင်ပြည်နယ်၊ ဂွမြို့နယ်တွင် ကမ်းနီး၊ ကမ်းဝေးရေလုပ်သား တစ်ထောင်ကျော်ခန့်ရှိပြီး ဒီရေတောဧက ၇၀၀၀ ကျော်နှင့် ခနိခင်း ဧက ၃၀၀၀ ကျော်ရှိကြောင်း ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ သိရသည်။

စိုးအောင်ဖေ

ဦးရှင်ကိုယ်တိုင်ရောင်းမည်
(RC-2 + RC-1)
Ph:09420044072,
09250000269

KBZ Industries Ltd.,
ကျောက်မီးသွေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
KBZ Industries Ltd
အမှတ် ၃၃/၄၃၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘားလမ်းထောင့်၊ Strand Condo (၃)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

B.A, H.G.P, P.L.D.I.L, DMA, D.B.A(USA), Ph.D(Law)(USA)
ကံ့ကော်ရွှေပြည်
ပညာ့အောင်မြေရိပ်သာ
၈တန်း၊ ၉တန်း၊ ၁၀တန်း မေ(၂၅)ရက်တွင် ထပ်မံဖွင့်လှစ်မည်

ကျောက်မီးသွေးလောင်စာတောင့် ထုတ်လုပ်ရာတွင် ကုန်ကြမ်းရရှိမှု ခက်ခဲ

ဧရာဝတီမြစ်ရေသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းတွင် ဧပြီလအတွင်း မြစ်ရေများ ကျဆင်းပြီး သဲသောင်ပြင်များပေါ်ထွန်းလျက်ရှိသဖြင့် မန္တလေးဆိပ်ကမ်းသို့ ဝင်ရောက်ကြသော ကုန်တင်သင်္ဘောများ သတိပေးလမ်းညွှန်အမှတ်အသားများကြည့်ရှု၍ ဖြတ်သန်းမောင်းနှင်လျက်ရှိကြသည်။ မိုးတွင်းအခါတွင် ရွှေကြက်ယက်ဆိပ်ကမ်းတွင် မြစ်ရေများ ကမ်းပါးအထိရောက်ရှိကာ စိုးရိမ်ရေမှတ်သို့ နှစ်စဉ်ရောက်ရှိခဲ့သည်။ မန္တလေး ဂေါဝန်ဆိပ်ကမ်းတွင်လည်း မြစ်ရေများကျဆင်းနေသဖြင့် ကုန်တင်သင်္ဘောကြီးများ ချော်ဆိပ်၌ဆိုက်ကပ်ကာ ကုန်တင်ကုန်ချပြုလုပ်ကြသည်။ မန္တလေးမြို့ မိုးရာသီ ဧရာဝတီမြစ်၏ စိုးရိမ်ရေမှတ်မှာ ၁၂၆၀ စင်တီမီတာရှိပြီး နွေရာသီတွင် ၇၂၀ စင်တီမီတာခန့်သာရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- မောင်ပြည်သူ(မန္တလေး)

မုံရွာ၊ မေ ၂၀

ထင်းမီးသွေး ကုန်ကျစရိတ်ထက် ထက်ဝက်ခန့်သက်သာပြီး မီးအရှိန်ပိုကောင်းသောကြောင့် စားသောက်ဆိုင် လုပ်ငန်းများတွင် အဆင်ပြေကာ သစ်တောထိခိုက်မှုလျော့နည်းသက်သာစေသည့် ကျောက်မီးသွေးလောင်စာ တောင့်ထုတ်လုပ်မှုကို မြင်းမူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဘိုးမင်းကြီးကင်းပျိုးဥယျာဉ်မှ ထုတ်လုပ်နေသော်လည်း ကုန်ကြမ်း ရရှိမှုခက်ခဲသောကြောင့် ဝယ်လိုအားရှိသလောက် ထုတ်လုပ်ရန် ခက်ခဲလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကျောက်မီးသွေးလောင်စာ တောင့် တစ်တောင့်လျှင် ကျပ် ၄၀ဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိပြီး လောင်စာတစ်တောင့်လျှင် တစ်နာရီခန့် မီးလောင်ကျွမ်းမှု ကြာမြင့်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး မိသားစုချက်ပြုတ် စားသောက်ရာတွင် သစ်တော၊ သစ်ပင်များကိုမှီခိုအားထားကာ ထင်းလောင်စာကို အသုံးပြုနေကြသည်။ ထိုသို့သုံးစွဲမှုကြောင့် တောပြုန်းမှုအခြေအနေမှာ အိမ်ထောင်စု တစ်စု တစ်နှစ်လျှင် ပျမ်းမျှ ထင်း ၂ ဒသမ ၅ တန်ခန့်၊ မြို့ပြဒေသများတွင် အိမ်ထောင်စုတစ်စု တစ်နှစ်လျှင် ပျမ်းမျှ ထင်း ၁ ဒသမ ၄ တန်ခန့်၊ တစ်နှစ်လျှင် လူတစ်ဦး ပျမ်းမျှ ထင်း သုည ဒသမ ၅ တန်ခန့် အသုံးပြုနေရာ တစ်နှစ်လျှင် ထင်းတန် သန်း ၃၀ ကျော်ခန့်နှင့် ညီမျှသော သစ်တောများ ဆုံးရှုံးနေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစို ပြည်ရေးဦးစီးဌာန၏ စာရင်းဇယားများမှ သိရသည်။

ထင်းအစား အခြားလောင်စာသုံးစွဲခြင်းကြောင့် သမားရိုးကျ ပွင့်ဆိုင်ဖိုခနောက်မီးဖိုထက် ထင်းလောင်စာ ၃၆ ရာခိုင်နှုန်းခန့် သက်သာပြီး မီးဖိုဈေးနှုန်းသက်သာကာအပူရှိန်အားကောင်း၍ မီးဘေးအန္တရာယ်မှ ကင်းဝေးစေခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအကျိုးတူ ပူးပေါင်းရန် ပုဂ္ဂလိက လုပ်ငန်းရှင်များဖိတ်ခေါ်

မန္တလေး၊ မေ ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းဌာနသည် ပြည်တွင်းနှင့် ကမ်းရိုးတန်းသွား ရေယာဉ်များ အဆင့်မြှင့်တင်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးရေယာဉ်များ အဆင့်မြှင့်တင်ခြင်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ရေယာဉ်/ တွဲယာဉ်များတည်ဆောက်ခြင်း သင်္ဘောကျင်းလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ထားကြောင်း ၎င်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မောင်ပြည်သူ(မန္တလေး)

နတ်မောက်မြို့၌ မြင်းလှည်းပြေးဆွဲခြင်းလုပ်ငန်း ယနေ့တိုင် အောင်မြင်ဖြစ်ထွန်း

နတ်မောက်၊ မေ ၂၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ယနေ့တိုင် မြင်းလှည်းလုပ်ငန်းများ တွင်ကျယ်လျက်ရှိကြောင်း ဒေသခံများထံမှသိရသည်။

နတ်မောက်မြို့နယ်တွင် ၁၉၇၅ ခုနှစ်မှစတင်၍ မြင်းလှည်းပြေးဆွဲခြင်းလုပ်ငန်း ပေါ်ပေါက်လာခဲ့သည်။ ၁၉၇၅ ခုနှစ်အချိန်အခါတွင် မြင်းလှည်းစီးခ တစ်ကျပ်နှုန်းဖြစ်ပြီး မြင်းလှည်းစီးရေ ၁၅ စီးနှင့် စတင်ခဲ့ကြောင်း သိရသည်။ ယနေ့ချိန်ခါတွင် မြင်းလှည်းစီးရေ ၁၀၀ ခန့်ရှိပြီး မြို့တွင်းစီးခ လူတစ်ဦးလျှင် ကျပ် ၂၀၀ နှုန်းရှိသည်ဟု သိရသည်။ မြင်းတစ်ကောင်၏တန်ဖိုးမှာ သုံးသိန်းဝန်းကျင်နှင့် မြင်းလှည်းအိမ်၏ တန်ဖိုးမှာ နှစ်သိန်းခန့်ရှိသည်။ မြင်းစာဖိုး တစ်နေ့ ၂၀၀၀ ကျသည်။ မြင်းလှည်းဝင်ငွေမှ တစ်နေ့ ၃၀၀၀ ခန့် အနိမ့်ဆုံးဝင်သည်။ မြင်းလှည်းကို အငှားပြေးဆွဲပါက မြင်းလှည်းပိုင်ရှင်အား သုံးစုတစ်စု ပေးရသည်။

"အခု သုံးဘီးတွေပေါ်လာတော့ ရှာဘက်တွေမလိုက်ရဘူး၊ ကုန်လည်း မတင်ရဘူး၊ လူစီးသက်သက်ပဲ ပြေးဆွဲနေရတယ်၊ ဗိုလ်ချုပ်မွေးတဲ့ အိမ်ကိုပဲ သွားကြည့်တဲ့ ဧည့်အလာများရင် မြင်းလှည်း သမားတွေအဖို့ ဝင်ငွေမဆိုးဘူး" ဟု ဒေသခံမြင်းလှည်းသမားတစ်ဦးက ပြောသည်။

ဗိုလ်ချုပ်မွေးဖွားရာဇာတိ နတ်မောက်မြို့သည် ဈေးရပ်ကွက်၊ တမာပင်ရပ်ကွက်၊ မြို့မကွက်သစ်ရပ်ကွက်၊ ရန်အောင်မြေရပ်ကွက်၊ အောင်ဆန်းရပ်ကွက်၊ ကံကြီးရပ်ကွက် စသည့်ရပ်ကွက်များဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၃၀၀၀ ကျော်ရှိရာ သုံးဘီး၊ ထော်လာဂျီ ပေါများနေသောခေတ်တွင် နတ်မောက်မြို့၌ ယနေ့တိုင် မြင်းလှည်းပြေးဆွဲခြင်း စီးပွားရေးလုပ်ငန်းတစ်ရပ် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

နတ်မောက်မြို့တွင်း ပြေးဆွဲသည့် မြင်းလှည်းတစ်စီးကို တွေ့ရစဉ်။

နယ်ပါတ်အနက်ကားငှားမည်
AH VAN

တိုက်သွားရမည်

ဝယ်လိုသည်

ကား ငှားရန်
(Alphard/Hiace
Saloon/
Ph:09-5418126

ဦးဇော်နိုင်(ဇာဝလီဝိစာ) သင်ကြားညွှန်ကြားသော...
D.A.C
Day ၊ ဦးဇင်း ၊ CAMP နှင့် ခေတ်ခေါ်
01-6010338
01-664536

မြေကွက်ရောင်းရန်ရှိသည်
ဖုန်း-၀၉-၅၀၇၂၃၃၁

မြန်မာပီနီ Taxi အိမ်ငှားပေးရန်ရှိသည်

မင်္ဂလာမှတ်တမ်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

အသိပညာပေးဆောင်းပါး

ကျောင်းမွေးသက္ကရာဇ်

à wuúdkf;rif;rif0Gf

၂၀၁၃-ခုနှစ် နှစ်တစ်နှစ်အတွင်းမှာပင် အထက်အောက် ညီအစ်ကိုအရင်းနှစ်ယောက် အသက် ၆၀ ပြည့်၊ သက်ပြည့်ပင်စင်အတူတူယူလိုက်ရသည်။ အကြီး၏ ကျောင်းမွေးသက္ကရာဇ်မှာ(၃-၆-၅၃)။ အငယ်၏ ကျောင်းမွေးသက္က ရာဇ်မှာ (၂၁-၇-၅၃)။ ညီအစ်ကိုအရင်းနှစ်ယောက်စလုံး တစ်ယောက်နှင့်တစ်ယောက် ၄၇ ရက်ခြားလျက် သက်ပြည့်ပင်စင် ယူလိုက်ရသည်။

အမေဘယ်လိုမွေးပါလိမ့်။ တစ်ယောက်ကမွေးစားသားလား။ "အလိုတော်၊ ကြံကြီးစည်ရာ၊ နှစ်ယောက်စလုံး ငါ ကိုယ်တိုင်မွေးခဲ့တာ. . ."။ အသက် (၈၅) နှစ်အရွယ် အမေအဘွားအိုကြီး ဒေါ်ခင်သွယ်က ပျာပျာသလဲ ပြောရှာသည်။

အငယ်ဖြစ်သော ကျွန်တော်၏ ကျောင်းမွေးသက္ကရာဇ်မှာ မှားနေခြင်းသာ။ 'ရက်'နှင့် 'လ'မှန်ပြီး၊ 'ခုနှစ်'မှားနေခြင်း။

ငယ်စဉ်က မူလတန်းအောက်ဆင့်အတန်းများ (သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)ကို အထက်မင်းလှမြို့ဟု ခေါ်သော မကွေးတိုင်း၊ မင်းလှမြို့၊ အစိုးရတန်းမြင့်ကျောင်းတွင် နေခဲ့သည်။ နွေရာသီကျောင်းပိတ်ရက်၊ သင်္ကြန်မတိုင် ခင် တန်ခူးလဆန်းပိုင်းတွင် ပဲခွဲစက်တစ်လုံးမှ မီးစတင်လောင်ကျွမ်းရာ အစိုးရတန်းမြင့်ကျောင်းကြီး မီးထဲပါသွားသည်။ ကျောင်းကြီးတစ်ကျောင်းလုံး ပြာပုံဖြစ်သွားသည်။ စာမေးပွဲအောင်စာရင်းတွေမထွက်ခင် မီးလောင်သွားသောကြောင့် အစ်မကြီးတို့၊ အစ်ကိုကြီးတို့၊ အတန်းကြီးတွေ စာမေးပွဲပြန်ဖြေရသည်ထင်၏။ ဘာသာစုံတော့ ဟုတ်ဟန်မတူ။ ကျောင်းတွေ ပြန်ဖွင့်တော့ ဇရာဝတီမြစ်ကမ်းနဖူးက ခံတပ်ကြီးကို ကျောင်းလုပ်ပြီး ကျောင်းတက်ခဲ့ရသည်။ ခံတပ်ကြီးထဲက အခန်း အသီးသီးကို စာသင်ခန်းတွေလုပ်ပြီး စာသင်ခဲ့ရသည်။ ဒါတွေကို ဝိုးတဝါးမှတ်မိနေသည်။ မိဘများလည်း မီးဘေးဒုက္ခ သည်များဖြစ်ကာ ဆွေမျိုးများနှင့် နီးရာအောင်လံမြို့သို့ ပြောင်းလာခဲ့သည်။ မင်းလှမြို့မှ အောင်လံမြို့သို့ အပြောင်းကျောင်းပြောင်းလက်မှတ်ယူရာ မိဘများမှာ သားသမီးကများတော့ အကြီးလေးယောက်အတွက် ကျောင်းပြောင်းလက်မှတ် လေးစောင် တစ်ပြိုင်တည်းယူရသည်။ ဒါတောင် အငယ်တွေက ကျောင်းမနေသေးလို့။

အောင်လံမြို့ရောက်တော့လည်း တစ်ကျောင်းတည်းမှာ လေးယောက်စလုံး တစ်ပြိုင်တည်းကျောင်းအပ်ရသည်။ ဆားတည်းအုတ်ကျောင်းစာသင်တိုက် ဘုန်းကြီးကျောင်းပရိဝုဏ်အတွင်း အောင်လံမြို့ အစိုးရအလယ်တန်းကျောင်းတွင် တတိယတန်းနေခဲ့ရသည်။

ထို့နောက် မြောင်းမြမြို့တွင်နေသော အဘွားက ကျွန်တော်အပါအဝင် မြေးသုံးယောက်ကို လာခေါ်ပြီး ကွယ်လွယ်အစိုးရအလယ်တန်းကျောင်းတွင် ကျောင်းထားပေးသည်။ အဘွားဆီမှာ စတုတ္ထတန်းတစ်နှစ်ပဲ နေခဲ့ရပြီး မိဘများကပြန်ခေါ်သည်။ လူတွေကအရင်ပြန်လာပြီး မြောင်းမြမြို့ ကွယ်လွယ်အစိုးရအလယ်တန်းကျောင်းမှ အဖေ့သူငယ်ချင်း ဆဋ္ဌမတန်းတွင် အင်္ဂလိပ်စာသင်သော ဆရာက ကျောင်းပြောင်းလက်မှတ်များကို စာတိုက်မှပို့ပေး၏။

မင်းလှမြို့တွင်နေစဉ်က မိဘများနှင့်ရင်းနှီးခဲ့သော အလယ်တန်းပြဆရာမကြီးတစ်ဦးက သူသင်သောကျောင်း၊ အောင်လံမြို့ အစိုးရအထက်တန်းကျောင်း ယခု အထက(၁) တွင် ပဉ္စမတန်းကျောင်းအပ်ပေးပြီး သူ့အတန်းပိုင်အခန်းတွင် ထားသည်။ ထိုကျောင်းတွင် သတ္တမတန်းအရောက်၌ ဆဋ္ဌမတန်းနှင့် သတ္တမတန်းတန်းခွဲအတူတူ သူငယ်ချင်းက အသက်ကြီးနေကြောင်းလာပြောသည်။ နာမည်လာခေါ်ပြီး "မင်းအသက်ဆယ့်ခုနစ်နှစ်ဖြစ်နေတယ်"။ အဲဒီသူငယ်ချင်းက ဆဋ္ဌမတန်းအတန်းပိုင်ဆရာ၏သား။ သူ့အဖေဆီက စာရင်းဇယားတွေကြည့်ထားပြီး၊ ကလေးအချင်းချင်းလာပြောခြင်းဖြစ်၏။ သူငယ်ချင်းအဖေ၊ ဆဋ္ဌမတန်းအတန်းပိုင်ဆရာက မိဘများနှင့် သိကျွမ်းသည်။ အမေနဲ့ဆို အောင်လံတစ်မြို့နယ်အတွင်း တစ်ရွာထဲနေလာသူတွေ။ အသက်ကြီးနေသည့်ကိစ္စကို မိဘများနှင့် တရားဝင်လုံးဝ စကားစပ်ပြောဆိုခြင်းမရှိ။ သူ့အတန်းကလည်း လွတ်သွားပြီ။ အသက်ကြီးသည့်ကိစ္စ၊ အဖေ့ကိုပြောသောအခါ ကျောင်းကိုအဖေလိုက်လာသည်။ အဖေ့ မိတ်ဆွေ အထက်တန်းပြ ဆရာတစ်ယောက်က "အသက်ကြီးနေတော့ မိန်းမစောစောယူလို့ရတာပေါ့ကွ"ဟု နောက်ပြောင် လိုက်သေးသည်။ ထိုဆရာကို အဖေက "ငါးနှစ်မှာ ကျောင်းစထားတာ၊ တစ်နှစ်တစ်တန်းအောင်တယ်၊ အခု အသက်ကြီး နေလို့"ဟု ပြောပြသည်။ အဲဒီနောက် အဖေဘာတွေဆက်ပြော၍ ဘာတွေဆက်လုပ်သည်ကိုမသိတော့။ မေးလည်း မမေးဖြစ်။ ကလေးအရွယ်ပဲရှိသေးတော့ နားလည်းမလည်။ မည်သည့်အခက်အခဲနှင့်ကြုံခဲ့သည်ကို အဖေပြောပြမသွား။ အဖေက စကားကို စိတ်ရှည်လက်ရှည်ပြောတတ်သူလည်းမဟုတ်။

အဖေပြောသည့်စကားက "အသက်ကြီးနေလို့၊ အစိုးရဝန်ထမ်းအလုပ်မရလဲ ဘာဖြစ်လဲကွာ။ ငါ့အလုပ် လုပ်ပေါ့။ အစိုးရဝန်ထမ်းလုပ်ရင် အဝေးမှာ တကွဲတပြားနေရမယ်။ ငါတို့တစ်ခုခုဖြစ်ရင် မင်းတို့ချက်ချင်းမလာနိုင်ဘူး။ မင်းတို့တစ်ခုခုဖြစ်ရင်လည်း ငါတို့ချက်ခြင်းမလာနိုင်ဘူး"။ အဖေပြောတာ မှန်လိုက်တာ။ အဖေဆုံးတော့ အသက်တောင်မမီ။ ညီတွေဆို အလောင်းတောင်မမီ။ ဓာတ်ပုံတွေရိုက်ထားပြီး ပြရသည်။ ညီတစ်ယောက်ကဆို ပန်းရန်ဆရာတစ်ယောက် ခေါ်လာပြီး အဖေ့အလောင်းဂူသွင်းထားသော အုတ်ဂူကြီးဖွင့်ကြည့်ပါမယ်လုပ်နေလို့၊ မလုပ်ကောင်းဘူးပြောထားရသည်။

ကျွန်တော့်မိဘများက သူတို့သားသမီးတွေကို အစိုးရဝန်ထမ်းလခစားများဖြစ်လိမ့်မည်ဟု တွေးထင်မထား။ မျှော်လင့်မထား။ သူတို့လို ကိုယ်ပိုင်လုပ်ငန်းနှင့် ကိုယ်ပိုင်တက်လမ်းကိုပဲ လွတ်လွတ်လပ်လပ် ရှာဖွေလုပ်ကိုင်စေချင်သည်။

ကျွန်တော်က ပုဂ္ဂလိကချို့ယွင်းချက်ရှိသူ။ ငယ်စဉ်ကမျက်စိရောဂါသည် အမြင်စွမ်းအားအလွန်နည်းပါးသည်။ မိဘများက ကျွန်တော့်ကို သာမန်အစိုးရဝန်ထမ်း(အမှုထမ်း)ဖြစ်ဖို့ကိုပင် တွေးထင်ထားပုံမရ။ မြို့နယ်အဆင့်အရာရှိ (အရာထမ်း)ဖြစ်ဖို့ဆို ပိုလို့တောင်ဝေးသေးသည်။ အတွေးအထင်မရှိ။ ကျွန်တော် အစိုးရဝန်ထမ်းဖြစ်လာပါက ကျောင်းမွေးသက္ကရာဇ်သည် ဝန်ထမ်းဘဝတွင် မည်သို့ မည်မျှအကျိုးသက်ရောက်မှုရှိမည်ကို မိဘများစဉ်းစားတွေးတောဖူးမည် မဟုတ်။ သူတို့က အစိုးရဝန်ထမ်းတွေမှ မဟုတ်ဘဲ။

ထို့ပြင် ကျွန်တော့်မွေးသက္ကရာဇ်နှင့် ပတ်သက်သော သက်သေခံအထောက်အထားတွေကလည်း မီးထဲပါကုန်ပြီ။ သက်သေခံသက်ဆိုင်သူတွေကလည်း ဘယ်တွေရောက်ကုန်ပြီမသိ။

ကျောင်းပြောင်းလက်မှတ်ပါသော ပိတ်လျက်သားစာအိတ်သည် တစ်ကျောင်းမှတစ်ကျောင်းသို့သာ လက်ဆင့်ကမ်းကူးသွားသည်။ ကျောင်းပြောင်းလက်မှတ်ပါအချက်အလက်များကို စုံ၊ မစုံ၊ မှန်၊ မမှန် ကြည့်ရှုစစ်ဆေးရကောင်းမှန်း မိဘအုပ်ထိန်းသူများ မသိ၊ နားမလည်။ သိနားလည်စွာ ပြန်စစ်ဆေးသူ အလွန်နည်းပါးသည်။ ကျောင်းအပေါ် ယုံကြည် စိတ်ချမှုရှိတာလည်းပါမည်။ မှားလိမ့်မည် မထင်ကြ။ မိဘအုပ်ထိန်းသူများအနေဖြင့် ကျောင်းပြောင်းလက်မှတ်ပါ တခြား အချက်တွေကိုအပထား၊ မိမိသားသမီးနစ်နာမည့်အချက်သုံးချက်ကိုတော့ မလွဲမသွေ ကြည့်ရှုစစ်ဆေးသင့်သည်။

(၁) ကျောင်းသား၊ ကျောင်းသူအမည်နှင့် ဖခင်အမည်တို့ကို စာလုံးပေါင်းသတ်ပုံပါမကျန် မှန်၊ မမှန် ကြည့်ရှု စစ်ဆေးသင့်သည်။

(၂) မည်သည့်ပညာသင်နှစ်တွင် မည်သည့်အတန်းကို အောင်သည်(သို့မဟုတ်) ရှုံးသည်(သို့မဟုတ်)သင်ဆဲဖြစ် သည်တို့ကို စစ်ဆေးကြည့်သင့်သည်။

(၃) ကျောင်းသား၊ ကျောင်းသူ၏ မွေးဖွားသက္ကရာဇ်အား "ခရစ်သက္ကရာဇ်နှစ်" ကိန်းဂဏန်းရော၊ စာသားနှင့်ပါ ရေးသားထားသည်ကို အဓိကထားကာ၊ သေချာစွာ ကြည့်ရှုစစ်ဆေးသင့်သည်။

ထိုအခြေအနေများ မိဘအုပ်ထိန်းသူတို့ ရရှိစေရန် ကျောင်းရုံးက ကျောင်းပြောင်းလက်မှတ်ကို သီးသန့်စာအိတ် တစ်လုံးဖြင့်ထည့်၍ အိတ်ဖွင့်ပေးစေလိုသည်။ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း အရည်အချင်းမှတ်တမ်းချုပ် (CPR= Comprehensive Personal Record)နှင့် ပညာသင်နှစ်မကုန်မီ ကျောင်းပြောင်းသူအတွက် လစဉ်ပညာရည်တိုးတက်မှုမှတ်တမ်း (MRC= Monthly Report Card) တို့ကိုသာ သီးသန့် စာအိတ်တစ်လုံးဖြင့်ထည့်၍ ပေးစေလိုသည်။ ကျောင်းပြောင်းလက်မှတ်နှင့် အားလုံးရော၍ စာအိတ်တစ်အိတ်တွင်း စုထည့်ကာ အိတ်ပိတ်မပေးသင့်ပေ။

ကျောင်း၊ ရုံးစာရေး/မတစ်ယောက်ယောက်ကသော်လည်းကောင်း၊ ဆရာ၊ ဆရာမ တစ်ဦးဦးကသော်လည်းကောင်း၊ ရေသွင်းပေးထားသော ကျောင်းပြောင်းလက်မှတ်ပါ အချက်အလက်များကို ကျောင်းသား၊ ကျောင်းသူ ကျောင်းဝင်မှတ်ပုံတင်စာရင်း("ခ"စာရင်း)၊ အောင်စာရင်းတို့နှင့် ကျောင်းအုပ်ကြီးကိုယ်တိုင် သေချာစွာတိုက်ဆိုင် စစ်ဆေးပြီးမှ အတည်ပြုလက်မှတ်ရေးထိုးပေးသင့်သည်။ ပညာသင်နှစ်မကုန်မီ ကျောင်းတက်ဆဲကာလ ဖြစ်ပါက ကျောင်းသား၊ ကျောင်းသူရရှိသော ကျောင်းခေါ်ကြိမ်ကို အတန်းပိုင်၏ နေ့စဉ်ကျောင်းခေါ်ကြိမ်စာရင်း ("က"စာရင်း)နှင့် တိုက်ဆိုင်စစ်ဆေးရေးသွင်းသင့်သည်။ ကျောင်းအုပ်ကြီးတွေက အဆင်သင့်ရိုက်နှိပ်ပေးထားသော အမည်နှင့်ရာထူး တံဆိပ်တုံးအပေါ် စတိုင်ကြီးနှင့် လက်မှတ်ထိုးချလိုက်သည်။ ဘာနှင့်မှ တိုက်ဆိုင်စစ်ဆေးခြင်းမရှိ။ မိမိလက်အောက်ငယ်သား၊ လက်ထောက်များကို ယုံကြည်သည့်သဘောလား။ မသေမချာ ဆောင်ရွက်တတ်သည့်အကျင့်လား။ မပြောတတ်။

မြို့နယ်ခြား၊ နယ်ဝေးပြောင်းသော ကျောင်းပြောင်းလက်မှတ်များပေါ်တွင် မြို့နယ်ပညာရေးမှူးက ထပ်ဆင့် လက်မှတ်ရေးထိုးပေးရသည်။ စတိုင်ကြီးနှင့် လက်မှတ်တန်းထိုးမပေးသင့်။ ထက်၊ လယ်၊ မူ- ကျောင်းအုပ်ကြီးများ အတည်ပြုလက်မှတ်ထိုးတင်ပြလာသော၊ သူတို့ယုံကြည်စိတ်ချ၍ တာဝန်ပေးသည့် လက်ထောက်က ရေးဖြည့်လာသော ကျောင်းပြောင်းလက်မှတ်ပေါ်တွင် အမှားများ၊ အလွဲများ၊ အလိုများပါသည်ကို အတွေ့ အကြုံအရ၊ အကြိမ်ကြိမ် တွေ့ဖူးပြီ။ ယုံပြီးလက်မှတ်တန်းထိုးပေး၍ မဖြစ်။ (ခ)စာရင်း၊ အောင်စာရင်းတွေယူခဲ့ ခိုင်းရသည်။ သေချာစွာတိုက်ဆိုင်စစ်ဆေးရသည်။ တချို့ကျောင်းအုပ်ကြီးတွေက "ခရီးဝေးသည်"။ "လမ်းပန်း ဆက်သွယ်ရေးညံ့သည်"၊ "သယ်ရ ပိုးရတာ မလွယ်ဘူး"စသဖြင့် ဆင်ခြေပေးပြီး ပါမလာ။ လုံးဝလက်မှတ်ထိုးမပေးမှ ယူလာသည်။ စိတ်ဆိုးကြသည်။

ကျောင်းပြောင်းလက်မှတ်တစ်စောင်ပေါ်တွင် ရေးဖြည့်ထားသော အချက်အလက်များမှားဖို့၊ လွဲဖို့၊ လိုဖို့ မဆိုထားနှင့် မှင်တစ်ရောင်တည်း၊ လက်ရေးတစ်မျိုးတည်းဖြင့် ပြီးပြည့်စုံအောင် ရေးဖြည့်ရပေမည်။ (ခ)စာရင်း သွင်းထား သောအချက်အလက်များနှင့် တသွေမတိမ်း တူညီနေရပေမည်။

ဆက်လက်ဖော်ပြပါမည်။

> ကလေးအရွယ်ပဲရှိသေးတော့ နားလည်းမလည်။ မည်သည့်အခက်အခဲနှင့်ကြုံခဲ့သည်ကို အဖေပြောပြမသွား။ အဖေက စကားကို စိတ်ရှည်လက်ရှည် . . .

ဝီနံအိတ် မိုးကာထုတ်လုပ်သောစက် (The Hole Line)စက် တစ်ခုလုံး ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်-၀၉ ၄၃၁၉၈၆၅၂

တိုက်ခန်းရောင်းမည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
09-73005053
09-5122010

Survey Training (မြေတိုင်းသင်တန်း)
K & DL Co.,Ltd
* Survey Instrument များဖြင့် လက်တွေ့ကျကျ

VACANCY ANNOUNCEMENT
English Language Instructors (For Part-Time Only)
Requirements Any graduates (MA or BA(Eng) Preferable)
Payment Hourly base
... before 12 May 2014

GLORY
www.glory-education.com
09-73121717, 09-5107817
City & Guilds
UK အင်္ဂလန်နိုင်ငံ ဒီပလိုမာသင်တန်းများ
Electrical, Electronic, Mechanical, Mechatronic, Civil, Refrigeration & Air Con, Electrical Installation, M & E

“ဒီမိုကရေစီခေတ်ပြောင်းချိန် ပညာရေးအတွေးအမြင်များ”

a'jufvmjribef

(ယမန်နေ့မှအဆက်)

ထို့နောက် ESS Phase Two ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၁၉၉၃ ခုနှစ် ဧပြီလတွင် Draft Proposal for Education Sector Development Vol.I Strategy Development (1993-2012) and Vol.II Project Profiles တို့ကို ပြုစုပြီးစီးခဲ့ပါသည်။ သို့သော် အဆိုပါ စီမံချက်များသည် အကောင်အထည်ဖော်သည့် အဆင့်သို့ မရောက်ခဲ့ဘဲ ပြီးဆုံးခဲ့ပါသည်။ ဤသို့ ၁၉၉၁ ပြည့်နှစ် နှစ်လယ်မှ ၁၉၉၃ ခုနှစ် ဧပြီလအထိ ကြာမြင့်ခဲ့သော လုပ်ငန်းကို မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ပညာရေး ကဏ္ဍလေ့လာရေးလုပ်ငန်းဟု ကျွန်တော်ဆိုချင်ပါသည်။ယခုတစ်ဖန် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်း (CESR-Comprehensive Education Sector Review) ကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ အဆင့် (၃) ဆင့်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အဆင့် (၁) အချိန်တို အတွင်း အကဲဖြတ်ခြင်း (Rapid Assessment) ပြီးဆုံးပြီး နောက် အဆင့်(၂)အသေးစိတ် လေ့လာဆန်းစစ်ခြင်း (In-depth Analysis) ၏ နောက်ဆုံးအပိုင်းဖြစ်သော လေ့လာတွေ့ရှိချက် အစီရင်ခံစာများအပေါ် အစည်းအဝေးများကျင်းပ၍ အကြံဉာဏ်များရယူကာ အပြီးသတ်ပြုစုလျက်ရှိနေကြပါသည်။ ထို့နောက် အဆင့်(၃)ကုန်ကျစရိတ်လျာထားချက် ပါဝင်သည့် ပညာရေးကဏ္ဍစီမံကိန်းများရေးဆွဲတင်ပြကြမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းစဉ်အရ CESR ကို တတိယအကြိမ်မြောက် ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်းဟု ကျွန်တော်သတ်မှတ်ချင်ပါသည်။

အဆိုပါ CESR ၏ သုတေသနတွေ့ရှိချက်များအပေါ် အခြေပြုလျက် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီမံစိုင်းပြင်းမှုများ ရှိလာပါသည်။ အထူးသဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့သည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အဖွင့်အမှာစကားပြောကြားပြီးချိန်မှစ၍ အရှိန်ရလာခဲ့ပါသည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်နယ်မြေ စိန်ရတုခန်းမသည် အဆိုပါ လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ၏ ဗဟိုအချက်ချာ ဒေသသဖွယ်ဖြစ်တည်လာပါသည်။ လုပ်ငန်းအဖွဲ့ (၁၈)ဖွဲ့သည် အဖွဲ့လိုက် ရည်မှန်းချက်များချမှတ်ခြင်း၊ လိုအပ်သောမူဝါဒများချမှတ်ခြင်းနှင့် မူဝါဒအလိုက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို ပထမမူကြမ်းအဖြစ် ရေးဆွဲခြင်း၊ ဒေသန္တရအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ e-mail ဖြင့်သော်လည်းကောင်း ဝေဖန်အကြံပြုချက်များကို ထည့်သွင်းစဉ်းစားသော လုပ်ငန်းအဖွဲ့လိုက် ချမှတ်ထားသော ရည်မှန်းချက်များ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ပြန်လည်မွမ်းမံကြပါသည်။

ကျွန်တော့်အမြင်အရ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းတွင် သုံးကြိမ်တိုင်တိုင်ဆောင်ရွက်သည့် ပညာရေးကဏ္ဍလေ့လာရေး (Education Sector Study) လုပ်ငန်းတို့တွင် ပါဝင်သည့် အကြောင်းအရာတို့ကို လေ့လာသည့်အခါ အောက်ပါအကြောင်းရပ်တို့သည် ဘုံပါဝင်နေကြောင်းတွေ့ရှိရပါသည်။

> **အခြေခံပညာဖွဲ့စည်းတည်ဆောက်မှုကိုလည်း နိုင်ငံတကာစံ၊ အာဆီယံစံများနှင့် ညီကာ KG+12သို့ ဦးတည်ဆောင်ရွက်ရန် အချိန်တန်ရုံမက အချိန်အတန်ငယ် . . .**

- ပညာရေးဖွဲ့စည်းတည်ဆောက်မှု (Education Structure)
- သင်ရိုးပြုပြင်ပြောင်းလဲရေး
- ဆရာအတတ်ပညာရေးနှင့်သင်ပြမှု အရည်အသွေးမြင့်မားရေး
- စာမေးပွဲစနစ်ပြုပြင်ရေး
- ကျောင်းစစ်ဆေးရေး
- မသင်မနေရမူလတန်းပညာရေး
- သူငယ်တန်း (Kindergarten)
- ဘာသာစကားဆိုင်ရာမူဝါဒ
- ကျောင်းအဆောက်အအုံ၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းလိုအပ်ချက်များ
- ဘဏ္ဍာရေးအခြေအနေ
- ပညာရေးစီမံခန့်ခွဲမှုအခြေအနေ
- ကိုယ်ပိုင်ကျောင်းများ
- စက်မှုလက်မှုနှင့်သက်မွေးပညာရေး

အဆင့်မြင့်ပညာရေးနှင့်ပတ်သက်၍ ၁၉၅၁ ခုနှစ် မေလတွင်တင်သွင်းခဲ့သည့် ယူနက်စကိုမစ်ရှင်၏ အစီရင်ခံစာတွင် မတွေ့ရသော်လည်း ၁၉၉၀ ပြည့်နှစ် နှစ်လယ်မှ စတင်ဆောင်ရွက်ခဲ့သော ESS (Education Sector Study) နှင့် ၂၀၁၃ ခုနှစ် ဩဂုတ်လမှစတင်ခဲ့သော CESR (Comprehensive Education Sector Review) တို့တွင် ပါဝင်လာသည်ကို တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ ဘုံပါဝင်နေသည့်အကြောင်းအရာတို့နှင့်ပတ်သက်၍ သူ့ခေတ်သူ့အခါအလိုက် အကောင်းဆုံးဖြစ်လာအောင် အကြံပြုခဲ့သည်ကိုတွေ့ရသည့်အပြင် အဆိုပါနယ်ပယ်များသည် ပြောင်းလဲနေသည့် ခေတ်ကာလလိုအင်၊ တိုင်းပြည်လိုအင်၊ ကျောင်းသူ ကျောင်းသားတို့၏ လိုအင်များနှင့်အညီ အမြဲပြုပြင် ပြင်ဆင်နေရမည့် နယ်ပယ်များဖြစ်လာပြီး ကျွန်တော့်အမြင်အရ ဤနယ်ပယ်များ အကြောင်းရပ်များသည် မြန်မာ့ပညာရေး၏ မပြီးသေးသော ပန်းချီကားများဟု ကျွန်တော်တင်စားချင်ပါသည်။

ဤမပြီးသေးသော ပန်းချီကားများအတွက်မှ ပထမတစ်ချပ်ကို ကျွန်တော်နမူနာသဘောဆွေးနွေးလိုပါသည်။ ထိုမပြီးသေးသောပန်းချီကားမှာ အခြေခံပညာရေးဖွဲ့စည်းတည်ဆောက်မှု (Basic Education Structure) ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ပညာရေးလေ့လာမှုအဖြစ် ကျွန်တော်သတ်မှတ်ချင်သော ၁၉၅၁ ခုနှစ် မေလတွင် တင်သွင်းခဲ့သည့် ယူနက်စကို ပညာရေးမစ်ရှင်အဖွဲ့၏ အစီရင်ခံစာတွင် အောက်ပါအတိုင်း တစ်နှစ်တိုးရန် အကြံပြုထားခဲ့ပါသည်။

"Most counrtries have established 12 years of school as necessary for proper preparation, either for life or university work. Burma should consider extending the present 9 years to 10".

ထို့နောက် ၁၉၈၀-၈၁ ခုနှစ်မှစ၍ အခြေခံပညာအဆင့်တွင် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေချိန်တွင် ဧကာ ဒသမတန်းအထိ ထားရှိပြီး သင်ရိုးများရေးဆွဲရန် လမ်းညွှန်ချက်နှင့်အညီ ကျောင်းသုံးစာအုပ်(တည်းဖြတ်ပြီးစာမူ) များကို ၁၁ တန်းအထိ ရေးသားပြုစုပြီး ဖြစ်ခဲ့ဖူးပါသည်။ သို့သော် ၁၁ တန်းအထိ တိုးချဲ့ရန်နှင့်ပတ်သက်၍ အထက်မှ ထပ်မံလမ်းညွှန်ပြန်သဖြင့် ရပ်ဆိုင်းခဲ့ရပြန်ပါသည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ် နှစ်လယ်မှစခဲ့သော ESS (Education Sector Study) ၏ Phase 1, Final Report တွင် ပညာရေးဖွဲ့စည်းတည်ဆောက်မှုကို အောက်ပါအတိုင်းသုံးသပ်ထားပါသည်။

“Under the present structure KG is treated both as preparatory to formal primary education and as the first grade of the primary cycle.This dual function is a burden for KG classes.

Moreover,the primary cycle is limited to five years, including KG Realtively young Myanmar children thus have to master the primary curriculum in a shorter period than in most countries.”

ယခုတစ်ဖန် CESR ၏ တွေ့ရှိချက်ထောက်ခံတင်ပြချက်များအရ အာဆီယံနိုင်ငံအများစု၏စံ၊ နိုင်ငံတကာစံများနှင့်အညီ ကျွန်တော်တို့နိုင်ငံ၏ အခြေခံပညာရေးဖွဲ့စည်းတည်ဆောက်မှုကို KG+12 နှစ်ထားရန် အဆိုပြုလာပါသည်။နိုင်ငံတကာကျင့်သုံးမှုများကို လေ့လာလျှင် အခြေခံပညာအဆင့်စာသင်နှစ်စုစုပေါင်း (Total years of schooling) သည် အများအားဖြင့် ၁၂ နှစ် (KG နှစ်မပါ) ရှိပါသည်။ အထက်တွင် တင်ပြခဲ့သည့် UNESCO အစီအရင်ခံစာအရ ပင် ၁၉၅၀ ခုနှစ်တစ်ဝိုက်ကစ၍ စာသင်နှစ်စုစုပေါင်း ၁၂နှစ်ကို တိုင်းပြည်အများစုတွင် ကျင့်သုံးနေပြီဟု ဖော်ပြထားပါသည်။

အထူးသဖြင့်အထက်တွင်တင်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့နိုင်ငံတွင် အခြေခံပညာရေးဖွဲ့စည်း တည်ဆောက်မှုကို ပြုပြင်ရန် အကြံပေးထောက်ခံမှု၊ ပြုပြင်ရန် ကြိုးပမ်းမှုရှိခဲ့သည်နှင့်အညီ ယခုကဲ့သို့ အခါအခွင့်သင့်ချိန်တွင် အသင့်ရှိမှုအနေအထား (Readiness Factor) အရ အသင့်မဖြစ်သေးသော အခြေအနေတို့ကို သုတေသနပြုဖော် ထုတ်ပြီး အသင့်ဖြစ်လာအောင် အဆင့်ဆင့်စီမံချက်ချကာပြင်ဆင်သည်နှင့်အမျှ အခြေခံပညာ ဖွဲ့စည်းတည်ဆောက် မှုကိုလည်း နိုင်ငံတကာစံ၊ အာဆီယံစံများနှင့် ညီကာ KG+12 သို့ ဦးတည်ဆောင်ရွက်ရန် အချိန်တန်ရုံမက အချိန်အတန်ငယ်နှောင်းနေပြီဟုပင် ကျွန်တော်ယူဆမိပါသည်။

မိဘပြည်သူများ စဉ်းစားကြပါကုန်။

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်၌ သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်တွင် ၁၃၇၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် (မေ ၁၇ ရက်) နံနက်ပိုင်းက (၃၄) ကြိမ်မြောက် စုပေါင်းသက်ကြီး ပူဇော်ပွဲကို အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် ကျင်းပခဲ့ကြောင်းသိရသည်။

